# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၄၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်ရှိ နဝင်းချောင်းတံတားရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့မှုအခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ် ရေကြီးရေလျှံခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❁

## ယနေ့ ဖတ် စ ရာ


**ကုလအကြီးအကဲ ဂူတာရက်စ်က ငြိမ်းချမ်းရေး ခေါင်းလောင်းထိုးကာ ငြိမ်းချမ်းရေးဖွံ့ဖြိုးမှု ပျိုးထောင်ကြရေးတောင်းဆို** — နိုင်ငံတကာသတင်း စာ ၁၃

**ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း** — ပြည်တွင်းသတင်း စာ ၁၄

**စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူ ပပျောက်ရေးဆီသို့** — ဆောင်းပါး စာ ၁၆



**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁၅ ရက်သာ လိုတော့သည်။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ❑ ဆိုင်ကလုန်းမုန်တိုင်းရာဂီ၏ အရှိန်ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းသာမက ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့် ကျန်ပြည်နယ်အချို့နေရာတို့တွင်လည်း ရေကြီးရေလျှံမှု၊ တောင်ပြိုမှုများရှိပြီး အဆိုပါဖြစ်ပေါ်မှုများကိုလည်း သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများက စီမံချက်နှင့်အညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

*❁ရွှေဖုံးမှ*

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာစိုးဝင်း၊ ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### တာဝန်ရှိသူများက ရှင်းလင်းတင်ပြ

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နယ်မြေအတွင်း ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့အနီးမှ ဝင်ရောက်ခဲ့သည့် ရာဂီမုန်တိုင်း၏ နောက်ဆက်တွဲ ကြွင်းကျန်မိုးတိမ်တိုက်များကြောင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံအပါအဝင် မြန်မာနိုင်ငံ၏ နိုင်ငံတစ်ဝန်းနီးပါး မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခဲ့သဖြင့် ချောင်းရေ၊ မြစ်ရေများ ရုတ်တရက်မြင့်တက်၍ ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်း၊ မြေသားနူးပြီး မြေပြိုခြင်း၊ တောင်ကျချောင်းရေများ ရုတ်ခြည်းစီးဆင်းခြင်းများဖြစ်ခဲ့ရာ စက်တင်ဘာ ၉ ရက် ညပိုင်းမှ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းအတွင်း နေပြည်တော်ကောင်စီ၏ မြို့နယ်(၈)မြို့နယ်အနက် တပ်ကုန်းမြို့နယ်မှစ၍ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း စီးဆင်းလျက်ရှိသည့် ဆင်သေချောင်းမှ တစ်ဆင့် ချောင်းရေများ ရုတ်ခြည်းမြင့်တက်လျက်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဆင်သေချောင်းအတွင်းသို့ နဝင်းချောင်း၊ မုန်ချောင်းနှင့် ကင်းသာချောင်း သုံးချောင်း၏ ချောင်းရေများသည် စက်တင်ဘာ ၉ ရက် တစ်ညအတွင်း မိုးရေချိန် ၁၁ လက်မအထိ ရွာသွန်းခဲ့သဖြင့် တောင်ကျရေနှင့် မြေပြိုမှုများမှတစ်ဆင့် အရှိန်အဟုန်ဖြင့် တိုက်စားမှုများဖြစ်ပေါ်ခဲ့ခြင်း၊ ၎င်းမှ ကျန်မြို့နယ်(၄) မြို့နယ်သို့ တစ်ဆင့်ပြီး တစ်ဆင့်ရောက်ရှိပြီး ရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် တပ်ကုန်းမြို့မှ အရှေ့ဘက် ၁၄ မိုင်အကွာ တောင်ခြေအထိသည် ရေပြင်ဖုံးလွှမ်းလျက် ခရိုင်ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများအထက် ၁၀ ပေမှ ၁၄ ပေခန့် မြင့်တက်လျက်ရှိ၍ ကယ်ဆယ်ရေးအဖွဲ့များက အသက်ကယ်စက်လှေများဖြင့် ခက်ခက်ခဲခဲ ကူညီကယ်ဆယ်ရေးဆောင်ရွက်လျက် ရေလွတ်ရာသို့ ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း။

သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ခွဲများနှင့်လူမှုရေးအသင်းအဖွဲ့များမှလည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်ပါအတိုင်း ကူညီကယ်ဆယ်ရေးအား အချိန်နှင့်တစ်ပြေးညီ ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ရကြောင်း၊ စက်တင်ဘာ ၁၁ ရက် ညနေပိုင်းမှစ၍ တပ်ကုန်းမြို့နယ်မှတစ်ဆင့် ဆင်သေချောင်းရေကျဆင်းခဲ့ရာ စက်တင်ဘာ ၁၂ ရက် နေ့လယ်ပိုင်းမှစ၍ ပျက်စီးခဲ့သည့် လမ်း/တံတား/အဆောက်အဦများ၊ အမှိုက်သရိုက်များ စတင်၍ ရှင်းလင်းနိုင်ပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ကောက်ယူရရှိသည့် စာရင်းဇယားအရ ၄၂ ဦး သေဆုံးပြီး အိမ်ပေါင်း ၃၃ လုံး ရေမျောပါခြင်း၊ ရေမြုပ်အဆောက်အဦ ၃၈၁၉ လုံး အပါအဝင်ပျက်စီးမှုများကို စတင်၍ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကြွင်းကျန်ရေဘေးသင့်သူများ ဆက်လက်ရှာဖွေကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီးဖြစ်ကြောင်း၊ ရုတ်ခြည်းချောင်းရေမြင့်တက်လာမှုကြောင့် သဘာဝဘေးအန္တရာယ်သင့်သည့်လူဦးရေ ၂၅၀၀၀ ခန့်အား နီးစပ်ရာဘုန်းတော်ကြီးကျောင်းများအပါအဝင် ကယ်ဆယ်ရေးစခန်း ၈၂ ခု ဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၁)နှင့် (၂)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများက ကဏ္ဍအလိုက် လတ်တလော ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လုပ်ငန်းအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### အောင်မြင်စွာကျော်လွှားနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်

ရှင်းလင်းတင်ပြမှုများအပေါ်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်အပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်း သက်ကြီးရွယ်အို ရေးမီနောက်မီ အဘိုးအဘွားတို့မှ ၎င်းတို့၏ သက်တမ်းတစ်လျှောက် ယခုကဲ့သို့ ရုတ်ခြည်းရေကြီးရေလျှံမှု၊ ရေလွှမ်းမိုးမှုများနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကို မကြုံခဲ့ဖူးဟု သိရပါကြောင်း၊ ယခုဖြစ်ပွားမှုသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံတွင် ၂၀၂၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ၏ အတွေ့အကြုံ၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအတွေ့အကြုံတို့အရ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ကို စီမံချက်နှင့်အညီ ဖွဲ့စည်းလျက် အောင်မြင်စွာ စီမံကျော်လွှားဆောင်ရွက်နိုင်ခဲ့မှုကြောင့် အဆိုပါအတွေ့အကြုံအရလည်း ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ကိုလည်း ဆက်လက်၍ အောင်မြင်စွာကျော်လွှားနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုဆိုင်ကလုန်းမုန်တိုင်းရာဂီ၏ အရှိန်ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းသာမက ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့် ကျန်ပြည်နယ်အချို့နေရာတို့တွင်လည်း ရေကြီးရေလျှံမှု၊ တောင်ပြိုမှုများရှိပြီး အဆိုပါဖြစ်ပေါ်မှုများကိုလည်း သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများက စီမံချက်နှင့်အညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌လည်း ရေဘေးသင့်ပြည်သူများကို အချို့သောအလှူရှင်များက တစ်နိုင်တစ်ပိုင် မိမိအစီအစဉ်ဖြင့် လာရောက်လှူဒါန်းမှုပြုသည်ကိုလည်း တွေ့မြင်ကြားသိရ၍ ဝမ်းသာပါကြောင်း၊ အကြံပြုလိုသည်မှာ မိမိတို့တွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ (Disaster Management Committee) ဖွဲ့စည်းထားရှိပြီး ၂၄ နာရီအရေးပေါ် ရုံးဖွင့်လှစ်ထားပြီးဖြစ်၍ မည်သည့်အလှူရှင်ကဖြစ်စေ မိမိတို့လှူဒါန်းလိုမှုအား ပိုမိုစနစ်တကျဖြစ်စေရေး၊ အညီအမျှအကူအညီရရှိစေရေး စိတ်ဆန္ဒရှိသည့်နေရာ (သို့မဟုတ်)

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန် – မန္တလေး ကားလမ်းဟောင်း ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ရောက်ရှိနေသော ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။

အများပြည်သူအတွက် စသည့်ခေါင်းစဉ်ဖြင့် DMC သို့ အကြောင်းကြားလာပါက အဆိုပါ ၂၄ နာရီဖွင့်လှစ်ထားသည့် DMC ကော်မတီမှ လိုအပ်သည့် ကယ်ဆယ်ရေးစခန်း(သို့မဟုတ်) စိတ်ဆန္ဒရှိသည့် ကယ်ဆယ်ရေးစခန်းများသို့ လမ်းညွှန်လျက် စနစ်တကျလှူဒါန်းနိုင်ရေး ဆောင်ရွက်ပါက ပိုမိုထိရောက်တွင်ကျယ်ပါကြောင်း၊ ဝိုင်းဝန်းဆောင်ရွက်စေလိုကြောင်း၊ ကောလာဟလသတင်းနှင့် ပတ်သက်၍လည်း ယခုဖြစ်စဉ်မှာ တစ်ညအတွင်း မိုးရေချိန် ၁၁ လက်မခန့် ရွာသွန်းခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့မှုအပေါ် ဆည်တမံများ ကျိုးပေါက်ခြင်း၊ ဆည်တမံများမှ ရေအလုံးအရင်း ဖောက်ထုတ်ခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်သည့်အပြင် ထပ်မံ၍လည်း ဖြစ်ပေါ်လာနိုင်၍ မိမိတို့နေရာမှ အမြန်ရွှေ့ပြောင်းကြရေး တရားမဝင်ပြည်ဖျက်မီဒီယာများ၊ ဖုန်းသတိပေးချက်များ ဖြစ်ပေါ်မှုမှလည်း ဒေသခံပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ စိုးရိမ်ပူပန်မှု မြင့်တက်ခြင်းများ ဖြစ်ပေါ်သည်ကို ကြားသိရပါကြောင်း၊ ဆည်တမံနှင့်ပတ်သက်၍ နေ့စဉ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေဝင်ရောက်မှု၊ စိုးရိမ်ရမှု၊ မစိုးရိမ်ရမှုများကို နေ့စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြစေလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီအတွင်း ဆည်ပေါင်း ၁၂ ခုနှင့် ရေလှောင်တမံ ၁၂ ခုရှိရာ ဆည်၊ တမံများအခြေအနေမှာ စိုးရိမ်ရသည့် အနေအထားမရှိပါကြောင်း၊ နေ့စဉ်တာဝန်ရှိသူများက ဆည်တမံများ ကြံ့ခိုင်မှုများကို စစ်ဆေးလျက် နီးစပ်ရာကြီးကြပ်ရေးတာဝန်ခံများက ကယ်ဆယ်ရေးစခန်းအလိုက် အသိပေးကြရန်လိုကြောင်း၊ ထို့အပြင် ကယ်ဆယ်ရေးစခန်းအလိုက် အချို့စခန်းများ၌ အလှူရှင်များနှင့် နီးစပ်ရာကျေးရွာများမှ နေ့စဉ်ဆန်နှင့်ရိက္ခာအမယ်များ လှူဒါန်းကြသော်လည်း အချို့သောကယ်ဆယ်ရေးစခန်းများရှိ သက်ဆိုင်ရာတာဝန်ခံများက ထမင်းဘူးနှင့် သောက်ရေသန့်များ ဝေငှရသည့်အနေအထားဖြစ်ရာ နေ့စဉ်ပုံမှန်နံနက်၊ ည ကျန်းမာရေးနှင့်ညီညွတ်သည့် ထမင်းဟင်းပုံမှန်အတိုင်း စားသုံးနိုင်ရေး ဘေးအန္တရာယ် စီမံခန့်ခွဲရေးရန်ပုံငွေနှင့် နေပြည်တော်ကောင်စီတို့ရှိ ဆန်၊ ဆီ၊ ကုလားပဲ၊ ဆား၊ ငပိ စသည့်အခြေခံ ၅ မျိုးအား ကယ်ဆယ်ရေးစခန်းအလိုက် အရေးပေါ်ထားရှိ၍ နီးစပ်ရာရပ်ရွာလူမှုရေးအသင်းအဖွဲ့များမှ ချက်ပြုတ်ကျွေးမွေးနိုင်ရေးကိုလည်း စီမံပေးရန်လိုကြောင်း။

## ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြား

အချို့ကျေးရွာများ၌ ယနေ့အချိန်အထိ တောင်ကျချောင်းရေများ ၁ ပေမှ ၂ ပေ အထိ ကျန်ရှိနေသေး၍ သန့်ရှင်းသော သောက်သုံးရေရရှိရေး သောက်ရေသန့်စက်ယာဉ်များ စေလွှတ်ကူညီပေးခြင်း၊ လွယ်ကူပေါ့ပါးသည့် Life Straw ကဲ့သို့ တစ်ပိုင်တစ်နိုင် သောက်ရေသန့်စက်များ အခက်အခဲရှိသည့်ကျေးရွာများအလိုက် ဖြန့်ဝေခြင်း၊ Bleaching Powder နှင့် ရေသန့်ဆေးပြားများ ပံ့ပိုးပေးခြင်းစီစဉ်ဆောင်ရွက်ရန် လိုကြောင်း၊ ကျန်းမာရေးအရ ရေဘေးအန္တရာယ်နောက်ဆက်တွဲ ဝမ်းပျက်ဝမ်းလျှောနှင့် ရေဝပ်နေရာများမှ ခြင်၊ ယင်ပေါက်ပွားခြင်းကြောင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲရောဂါများအပါအဝင် အထွေထွေကူးစက်ရောဂါများ မဖြစ်ပွားစေရေး ကယ်ဆယ်ရေးစခန်းအလိုက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိသော ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများနှင့် ကျေးရွာများရှိ သူနာပြုဝန်ထမ်းများက မိမိတို့တာဝန်ကျရာ ကျေးရွာအလိုက် ကျန်းမာရေးနှင့်ပတ်သက်၍ အဆင့်ဆင့် နီးစပ်ရာ ကုသရေးဌာနများသို့ ဆက်သွယ်အကြောင်းကြားရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်း လစ်လပ်နေရာများကိုလည်း နီးစပ်ရာကျေးရွာများမှ သွားရောက်စီစစ်ရန် လိုအပ်ကြောင်း၊ လိုအပ်ပါက ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ဖွဲ့စည်း၍ ကူညီဆောင်ရွက်ရန် ခက်ခဲနေသေးသည့် ကျေးရွာများသို့ စေလွှတ်ကုသရန် စီစဉ်ပေးရေးနှင့် ယခုဆွေးနွေးဆောင်ရွက်ချက်များအား ယခုရက်ပိုင်းအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိDMCအဖွဲ့များထံသို့ဆက်လက်အကြောင်းကြားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး ကျန်လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ရောက်ရှိနေသော ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**“ ဘေးအန္တရာယ် စီမံခန့်ခွဲရေးရန်ပုံငွေနှင့် နေပြည်တော်ကောင်စီတို့မှ ဆန်၊ ဆီ၊ ကုလားပဲ၊ ဆား၊ ငပိ စသည့်အခြေခံ ၅ မျိုးအား ကယ်ဆယ်ရေးစခန်းအလိုက် အရေးပေါ်ထားရှိ၍ နီးစပ်ရာရပ်ရွာ လူမှုရေးအသင်းအဖွဲ့များမှ ချက်ပြုတ်ကျွေးမွေးနိုင်ရေးကိုလည်း စီမံပေးရန်လို ”**

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်ကုန်းမြို့ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်တွင် ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ၊ ဆေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်ကုန်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀) ၌ တက်ရောက်ဆေးကုသမှုခံယူနေသည့် လူနာများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

*စာမျက်နှာ ၄ မှ*

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန် - မန္တလေး ကားလမ်းဟောင်းပေါ်ရှိ အရှည်ပေ ၁၉၀၊ အကျယ် ၂၈ ပေရှိ နဝင်းချောင်းတံတားအား ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့မှုအခြေအနေများကို သွားရောက်ကြည့်ရှု၍ ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် လမ်းတံတားဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ယာယီဘေလီတံတား တည်ဆောက်နေမှုအခြေအနေများအား ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါနဝင်းချောင်းတံတား ယာယီဘေလီတံတားကို တံတားခံနိုင်ဝန် တန် ၄၀၊ အရှည်ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ သံဘေလီသုံးလွှာ ၁ ထပ် တံတားထိုးခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၁ ရက်မှစ၍ အစားထိုးစတင်တည်ဆောက်လျက်ရှိရာ စက်တင်ဘာ ၁၆ ရက်တွင် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကင်းသာလမ်းဆုံမှ ရန်ကုန် - မန္တလေး လမ်းဟောင်းအတိုင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လူနေရပ်ကွက်များ၊ ကျေးရွာများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးနေမှုအခြေအနေများ၊ ကျေးရွာများအတွင်း ရေဝင်ရောက်နေမှုများ၊ လူနေအိမ်များ ရေဝင်ရောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ရောက်ရှိနေသည့်ဆင်သေ၊ ပေါစံခေါ၊ ပိန္နဲပင်၊ ဇီးဖြူပင်၊ နှမ်းတောကျေးရွာများမှ ရေဘေးသင့်ပြည်သူ ၆၀၀ ခန့်အား သွားရောက်တွေ့ဆုံ၍ နေထိုင်စားသောက်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးနေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်ပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့ရှိ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တသီဟဉာဏအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျောင်းတိုက်တွင် ရောက်ရှိနေသည့် ရှောက်ကုန်း၊ ကျားသေအိုင်၊ ပုဏ္ဏမာ၊ သာယာကုန်း၊ ဆင်သေနှင့် ပိန္နဲကုန်းကျေးရွာများရှိ ရေဘေးသင့်ပြည်သူ ၅၀၀ ခန့်အား တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း လိုအပ်သည်များ ထောက်ပံ့ပေးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်

အလားတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် အဆိုပါကျေးရွာ/ရပ်ကွက်များတွင် ပြန်လည်နေထိုင်ကြမည့်သူများအတွက် လိုအပ်သည့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ဆည်တမံများနှင့်ပတ်သက်၍ ကောလာဟလ ထုတ်ပြန်မှုများနှင့်ပတ်သက်၍လည်း ပြည်သူများ စိုးရိမ်ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန်တို့အတွက် ဆွေးနွေးပြောကြားကြပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

### ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ရောက်ရှိနေသည့် အောင်ဇေယျရပ်ကွက်၊ အနော်ရထာရပ်ကွက်၊ ဘုရင့်နောင်ရပ်ကွက်၊ နားကုန်း၊ ဇီးကုန်းနှင့် ဖြိုက်အင်းကျေးရွာများမှ ရေဘေးသင့်ပြည်သူ ၁၀၀၀ ကျော်ထားရှိသည့်နေရာသို့သွားရောက်၍ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာများ ပြုလုပ်ပေးနေသည့်အဖွဲ့များအလိုက် တွေ့ဆုံအားပေးစကားပြောကြားပြီး အဆိုပါကျောင်း၌ ယာယီဆေးခန်းဖွင့်လှစ်ထားရှိမှု၊ စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ရေးပစ္စည်းများ အသင့်စုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ၊ ဆေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

*စာမျက်နှာ ၆ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် နဝင်းချောင်းတံတား(သာယာအေး)ကို ယာယီဘေလီတံတားအဖြစ် ပြန်လည်တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် တပ်ကုန်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀)သို့ သွားရောက်၍ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

### အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်ကွန်ကရစ်လမ်းနှစ်ဖက် ပေ ၄၀၀၊ မြေသားကျိုးကျပျက်စီးခဲ့သည့် နဝင်းချောင်းတံတား (သာယာအေး) အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူပြန်လည်တည်ဆောက်နေသည့် တံတားအဝင် ချဉ်းကပ်လမ်းအရှည်ပေ ၂၂၀ နှင့် အထွက်ချဉ်းကပ်လမ်းအရှည်ပေ ၁၈၀ ရှိ တံတားချဉ်းကပ်လမ်းနှစ်ဖက်အား ယာယီဘေလီတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးအတွက် စနစ်တကျထည့်သွင်းတွက်ချက်၍ အမြန်ဆုံးပြန်လည်ပြီးစီးအောင် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။ အဆိုပါယာယီဘေလီတံတားတည်ဆောက်ရေးလုပ်ငန်းကို စက်တင်ဘာလနောက်ဆုံးအပတ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဆင်သေချောင်းတစ်လျှောက် ရေကြီးရေလျှံခြင်းများကြောင့် တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်း ရေတိုက်စား၍ လမ်းတာပေါင်ပျက်စီးခြင်း ဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အား ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ အရှည်ပေ ၃၆၀၊ အကျယ် ၅၅ ပေရှိ သိုက်ချောင်းတံတား (ဆင်သေချောင်းကူး) ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် လမ်း/ တံတားများ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် တပ်ကုန်းမြို့နှင့် ပျဉ်းမနားမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် အခြားကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ခရိုင်ချင်းဆက်လမ်းမှ တစ်ဆင့် ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း တစ်ညအတွင်း မိုးရေချိန် ၁၁ လက်မခန့် ရွာသွန်းခဲ့မှုကြောင့် ဆင်သေချောင်း၊ ငလိုက်ချောင်းနှင့် ပေါင်းလောင်းမြစ်အတွင်းသို့ တောင်ကျချောင်းရေများ အဆက်မပြတ်စီးဆင်းကာ မြို့နယ် ရှစ်မြို့နယ်အနက် မြို့နယ်ငါးမြို့နယ်တို့တွင် ထိခိုက်ပျက်စီးသေဆုံးမှုများဖြစ်ပေါ်ခဲ့သည်။

### သွားရောက်ကူညီပေးလျက်ရှိ

ထို့ကြောင့် သက်ဆိုင်ရာ မြို့နယ်/ကျေးရွာအလိုက် ကယ်ဆယ်ရေးစခန်း ၈၂ ခု ဖွင့်လှစ်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အကူအညီလိုအပ်သည့်နေရာများသို့လည်း ကူညီကယ်ဆယ်ရေးအဖွဲ့များက သွားရောက်ကူညီပေးလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေမှ ကျဆင်းသွားသည့်ရေများသည် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်စီးဆင်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း ဆက်လက်ဝင်ရောက်နေသည့်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများက စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ရေကြီးရေလျှံမှုများဖြစ်ပေါ်နိုင်သည့် ကျေးရွာများရှိ ပြည်သူများအား ကြိုတင်အသိပညာပေးခြင်းနှင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်တောင်းမြစ်၏ ရေအခြေအနေမှာလည်း စိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် အလားတူ စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်မှ စစ်တောင်းမြစ်ဝတစ်ဝိုက်ရှိ ကျေးရွာများ ရေကြီးမှုကြောင့် ထိခိုက်ဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ သိုက်ချောင်းတံတား (ဆင်သေချောင်းကူး) ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

## ကမ္ဘာ့လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ အထိမ်းအမှတ်နေ့ (၂၀၂၄ ) အခမ်းအနားကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ကမ္ဘာ့လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ အထိမ်းအမှတ်နေ့ (၂၀၂၄) အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးရှိ ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ဆေးရုံကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက လူနာများဘေးကင်းလုံခြုံရေးကိုအလေးထားဦးစားပေး ဆောင်ရွက်ကြစေရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ်မှ စတင်ကာ စက်တင်ဘာ ၁၇ ရက်ကို ကမ္ဘာ့လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ အထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ပြီး ဆေးကုသမှုများမှာ မူလကတည်းက ရှုပ်ထွေးသည့်သဘောတရားရှိပြီး အမှားအယွင်းများ ဖြစ်ပေါ်နိုင်သည့် အခြေအနေများဖြစ်သည့်အပြင် ယခုခေတ်ကာလတွင် ရောဂါများပိုမိုရှုပ်ထွေးလာခြင်းနှင့်အတူ ဆေးကုသမှုများကလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနေခြင်းကြောင့် အမှားအယွင်းနည်းအောင် ပိုမိုသတိပြုဆင်ခြင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်ပြီး ခရိုင်ကုသရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိက ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားခြင်းနှင့် ခတ်မှန်အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဇာနီလွင်က ရောဂါရှာဖွေခြင်းလုပ်ငန်းများ တိုးတက်လာမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက် ကမ္ဘာ့လူနာ ဘေးကင်းလုံခြုံမှုဆိုင်ရာ အထိမ်းအမှတ်နေ့မှတ်တမ်းဗီဒီယိုကို ပြသ၍ World Patient Safety Day (2024) အခမ်းအနားကို ကိတ်ခွဲ၍ ကျင်းပခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး သဘာဝဘေးအန္တရာယ်ကြောင့် ရထားလမ်းနှင့်တံတားများ ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဝန်ကြီးဌာနနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြန်မာ့မီးရထားတိုင်းအမှတ် (၅)၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက်မကြာမီက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေတိုက်စားပြီး ပျက်စီးချို့ယွင်းမှုအခြေအနေနှင့် အဆိုပါပျက်စီးချို့ယွင်းသည့် နေရာများအား မြန်မာ့မီးရထားဝန်ထမ်းများက မွမ်းမံပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် နံနက်ပိုင်းတွင် ရမည်းသင်းဘူတာသို့ ရောက်ရှိပြီး ရမည်းသင်းဘူတာမှ အင်ဂျင်နီယာ သံလမ်းပြေးယာဉ်ဖြင့် ရမည်းသင်းဘူတာနှင့် အင်းကုန်းဘူတာအကြား မိုင်တိုင်အမှတ် ၂၇၁/၁၆-၁၇ ရှိ အစုန်နှင့်အဆန် ရထားလမ်း နှစ်ဖက်စလုံး၌ တာပေါင် ပေ ၃၀ ခန့်စီ ရေတိုက်စား ပြတ်တောက်ပျက်စီးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရမည်းသင်းဘူတာနှင့် အင်ကြင်းကန်ဘူတာအကြား မိုင်တိုင်အမှတ် ၂၇၇/၁-၃ အတွင်း အစုန်ရထားလမ်းတာပေါင် ရေတိုက်စားမှုနှင့် မိုင်တိုင် ၂၇၇/၇-၈ အနီး အဆန်ရထားလမ်းပေါ်ရှိ တံတားအမှတ် ၅၁၅ ၏ မန္တလေးဘက်ခြမ်း ကမ်းကပ်ခုံ အစွန်းခံအုတ်ခုံ ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရွှေဒါးဘူတာနှင့် ပျော်ဘွယ်ဘူတာအကြား အဆန်ရထားလမ်းပေါ်ရှိ တံတားအမှတ် ၅၂၉ နေရာတွင် ယာယီအသုံးပြုထားသော ပေ ၁၀၀ ဘေလီတံတား၏ ရေလယ်ဒေါက်တိုင်ရေတိုက်စား၍ ပြိုလဲနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်ဘူတာသို့ ရောက်ရှိပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး၊ ရုံးချုပ်နှင့် တိုင်းအဆင့်မှ တာဝန်ရှိဝန်ထမ်းများကို တွေ့ဆုံ၍ မကြာမီက မြန်မာနိုင်ငံ အရှေ့ပိုင်းမှဝင်ရောက်ခဲ့သည့်မုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မြန်မာ့မီးရထား၏ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတို့ ဆက်စပ်သည့် ရန်ကုန်-မန္တလေး ရထားလမ်းမကြီးနှင့် ရှမ်းပြည်တောင်ပိုင်း၊ သာစည်-ရွှေညောင် - တောင်ကြီးရထားလမ်းပိုင်းတို့တွင် ရထားလမ်းတာပေါင်နေရာများ၊ တံတားများ ရေတိုက်စားပျက်စီးမှု ခံထားရကြောင်း၊ အဆိုပါပျက်စီးမှုများကြောင့် ရထားများ ပြေးဆွဲနိုင်ခြင်းမရှိဘဲ ယာယီရပ်ဆိုင်းထားရသဖြင့် ခရီးသည်နှင့် ကုန်စည်သွားလာပို့ဆောင်မှုကို ထိခိုက်နေကြောင်း။

**စနစ်တကျသိမ်းဆည်း**

ထို့ကြောင့် ရထားများ အမြန်ဆုံးပြန်လည် ပြေးဆွဲနိုင်ရေးအတွက် ရထားလမ်းနှင့် တံတားများ ပြင်ဆင်မွမ်းမံမှုကို တိုင်းနယ်နိမိတ်အလိုက် လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သောထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျစီမံကြီးကြပ်သွားရေး၊ အဓိက ရထားလမ်းပိုင်းများတွင် မိုင်နှုန်းတိုးမြှင့်နိုင်ရေးအတွက်လည်း စီမံချက်စနစ်တကျချမှတ် အကောင်အထည်ဖော်သွားရေး၊ အသုံးမပြုတော့သည့် သံလမ်းဟောင်း၊ ဇလီဖားအဟောင်းများကို ဘူတာများတွင် စနစ်တကျ သိမ်းဆည်းထိန်းသိမ်းရေးနှင့် ဘူတာသန့်ရှင်းသပ်ရပ်ရေးတို့ကို မှာကြားသည်။

**လိုအပ်ချက်မှာကြား**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်ဘူတာနှင့် ရှမ်းရွာဘူတာအကြား အစုန်၊ အဆန်ရထားလမ်း နှစ်နေရာတွင် ရေတိုက်စားပြီး လမ်းတာပေါင်ပြတ်ကျပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးကာ ရေမျောသွားသည့် လမ်းခင်းကျောက်များ လေလွင့်ဆုံးရှုံးမှုနည်းပါးအောင် ပြန်လည်ဆယ်တင်နိုင်ရေး၊ ပြန်လည်ပြင်ဆင်မှုလုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စေရေးအတွက် စက်ယန္တရားများ အသုံးပြုပြင်ဆင်မွမ်းမံရေး၊ သတ်မှတ်ထားသည့် စံနှုန်းအတိုင်း ပြုပြင်ထိန်းသိမ်းမှုကိုဆောင်ရွက်ရေး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ထွက်ခွာ



**နေပြည်တော် စက်တင်ဘာ ၁၄**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၂၁) ကြိမ်မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များ အစည်းအဝေး (21st ASEAN Air Chiefs Conference – 21st AACC) သို့ တက်ရောက်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲ ကျင်းပ



**ညောင်လေးပင် စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ညောင်လေးပင်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိလာသည့် အချက်အလက်မှန်ကန်မှသာ နိုင်ငံ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်အဆင့်သင်တန်းနည်းပြခန့်အပ်လွှာများကိုပေးအပ်ရာ သင်တန်းသားခေါင်းဆောင်များက လက်ခံရယူကြသည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊သင်တန်းနည်းပြဆရာများ၊ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၁၅ ဦး တက်ရောက်ကြပြီး ခရိုင်အဆင့်နည်းပြသင်တန်းကို စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ သဘာဝရေဘေးသင့် ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းမှ ဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းမှ ဆရာတော်၊ သံဃာတော်များ ခေတ္တသီတင်းသုံးလျက်ရှိသော ပျဉ်းမနားမြို့ မာရ်အောင်ကျောင်းတိုက်၌ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့နယ်သံဃနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အောင်တံခွန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အောင်တံခွန်ကျောင်း၊ မအူပင်ကျောင်းနှင့် သနပ္ပင်ဆိပ်(ရှေ့)ကျောင်းတိုက်၊ သနပ္ပင်ဆိပ်(နောက်)ကျောင်း၊ နှမ်းတောကျောင်းနှင့် မဂ္ဂင်ရိပ်သာကျောင်း၊ ဆင်သေရွာဦးကျောင်း၊ ဆင်သေဈေးကုန်းကျောင်းနှင့် သကြားစက်ကျောင်း၊ ကျွန်းဦးကျောင်း၊ သဲကျွန်းအလယ်ကျောင်းနှင့် ပေါစံခေါ်ကျောင်း၊ သစ်ဆိမ့်ပင်ကျောင်း၊ ဇီးဖြူပင်ကျောင်း၊ ကျီးဖြူရိုးကျောင်းနှင့် ဥယျာဉ်ကျောင်းတို့မှ ဆရာတော်များအား နဝကမ္မအလှူငွေ၊ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အောင်တံခွန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍဝထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးသင့်ပြည်သူများအား ထိန်းသိမ်းစောင့်ရှောက်ထားသော နေပြည်တော် တိုင်းသံဃနာယကအဖွဲ့ဝင် အုန်းတောကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိသဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေ၊ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီးကျောင်းတိုက်အတွင်းရှိ ရဟန်း၊ သာမဏေများအား ဆွမ်းအလှူရှင်များနှင့်အတူ နေ့ဆွမ်းလောင်းလှူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအတွင်း ရေဘေးရှောင်နေသော ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဆင်သေရွာ၊ ဈေးကုန်းရွာ၊ နှမ်းတောရွာ၊ သစ်ဆိမ့်ပင်ရွာ၊ သနပ္ပင်ဆိပ်ရွာ၊ အိုင်စောက်ရွာ၊ ကျောက်ချပ်ရွာ၊ စစ်အေးရွာ၊ ရွာသစ်ကြီးရွာများမှ ရေဘေးသင့်ဒေသခံပြည်သူ ၅၂၃ ဦးနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ ဓမ္မလက်ဆောင်များနှင့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ ၂၇၀ ပေးအပ်လှူဒါန်းပြီး စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များကို ကျေးရွာနေ အိမ်ထောင်စုအလိုက်၊ တစ်ဦးချင်းအလိုက် ပေးအပ်လှူဒါန်းသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းရှိ ဆရာတော်၊ သံဃာတော်ကြီးများအား ဝတ္ထုငွေကျပ် ၄၄ သိန်း၊ သင်္ကန်း၊ ဆပ်ပြာမှုန့်၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့သဖြင့် ယမန်နေ့က သွားရောက်လှူဒါန်းခဲ့သည့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း ၃၃ ကျောင်းအပါအဝင် စုစုပေါင်း ၅၅ ကျောင်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးအဆက်မပြတ်ရွာသွန်းပြီး ဆင်သေချောင်း ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့သည့် အေးမြင့်သာယာကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် စက်ရေတွင်းများ၊ လက်တူးတွင်းများကို တွင်းဆေးလေမှုတ်ဆောင်ရွက်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျေးရွာတွင်းလမ်းများ သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အများပိုင်အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ မူကြိုကျောင်း၊ Community Center များ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးအဆက်မပြတ်ရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ပုဗ္ဗသီရိမြို့နယ်ရှိ ကျည်တောင်ကန်-ဇီးကုန်း-လေသာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတားမှ ဆင်သေချောင်းတစ်လျှောက် တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်း ရေတိုက်စား၍ လမ်းတာပေါင် ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ဘေလီတံတားထိုး၍ ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျည်တောင်ကန်-ဇီးကုန်း-လေသာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတားအပြင် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အခြားတံတားများကို ယာယီတံတားများ အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အများပြည်သူသွားလာရေးအဆင်ပြေစေရေးနှင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ရေကြီးရေလျှံမှုများ လျော့ပါးသွားချိန်တွင် ပျက်စီးသွားသောတံတားများ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် သဘာဝဘေးဒဏ်များ ခံနိုင်ရေးတို့အတွက် စနစ်တကျထည့်သွင်းတွက်ချက်ပြီး ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ဝဲကြီး - ဝင်ပြန်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတားပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အများပြည်သူသွားလာရေး အဆင်ပြေစေရေးနှင့် လတ်တလောလမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်မှုမရှိစေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမြန်ဆုံးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဘားအံမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအသိပညာပေး

**ဘားအံ စက်တင်ဘာ ၁၄**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက ဘားအံမြို့ အမှတ်(၂၀၂) ခြေမြန်တပ်ရင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနှင့် ပတ်သက်သည့်အကြောင်းအရာများနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောသည်။ အဆိုပါဟောပြောပွဲသို့ အရာရှိ/အရာခံ၊ အကြပ်စစ်သည်နှင့်တပ်ဖွဲ့ဝင်ရဲမေ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ကြပြီး သန်းခေါင်စာရင်းဆိုင်ရာ အမေးအဖြေများ ဆွေးနွေးဟောပြောရာ ဖြေဆိုနိုင်သူများအား သန်းခေါင်စာရင်းတီရှပ်များပေးအပ်၍ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးစိုးအေး(ပြန်/ဆက်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ရှိ ဆည်တမံများကြံ့ခိုင်ရေးနှင့် ရေကြီးရေလျှံသည့်နေရာများမှ ရေထုတ်နုတ်မှုမြန်ဆန်စေရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည့်အတွက် နေပြည်တော်ကောင်စီနယ်မြေပတ်ဝန်းကျင်ရှိ ဆည်တမံများ၏ ရေဝင်ရောက်မှုနှင့် ကြံ့ခိုင်မှု၊ ရေများ အမြန်ဆုံးပြန်လည်လျော့ကျစေရေးအတွက် ရေနုတ်မြောင်းများတွင် ရေထုတ်နုတ်မှုမြန်ဆန်စေရေး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့နယ် ကျောက်ဆည်ကျေးရွာအနီးရှိ ကင်းသာရေထိန်းတမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ **(အပေါ်ယာပုံ)**တာဝန်ရှိသူများက ကင်းသာရေထိန်းတမံ၏ ရေသိုလှောင်နိုင်မှု၊ မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းမှုကြောင့် ရေထိန်းတမံအတွင်းသို့ သိုလှောင်နိုင်သည့်ပမာဏထက် များစွာပိုမိုသော ရေများ အလုံးအရင်းဖြင့် ဝင်ရောက်လာမှု၊ ရေနှင့်အတူ သစ်လုံးကြီးများ အမြိုက်ဒိုက်သဲနုန်းများ တမံအတွင်းသို့ ဝင်ရောက်လာမှု၊ ရေပိုလွှဲတံတားမှ စတင်ရေကျော်စီးဆင်းမှု၊ ရေများထပ်မံ တိုးဝင်မြင့်တက်လာပြီး တမံထိပ်ပြင်ပေါ် ရေကျော်ခြင်း၊ တမံရေတိုက်စားခြင်းများ ဆက်လက်ဖြစ်ပေါ်ခဲ့မှုနှင့် တမံထိခိုက်ပျက်စီးခဲ့မှုဖြစ်စဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သောပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းစဉ်များ အမြန်ဆုံးလုပ်ဆောင်နိုင်ရေး၊ ထူးကဲသော မိုးရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်စဉ်ဖြစ်ပွားပြီး ပတ်ဝန်းကျင်ဒေသများထိခိုက်ခဲ့မှုအပေါ် လိုအပ်သောကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ကင်းသာရေထိန်းတမံ ထိခိုက်မှုရှိခဲ့သော်လည်း တမံအလျား ပေ ၂၃၀ ခန့်သာ ကျိုးပေါက်ပျက်စီးခဲ့ပြီး ကျန်ရှိသည့်တမံပေါင်များ ထိခိုက်ပျက်စီးမှုမရှိဘဲ တမံအတွင်း သဲနုန်းများဖုံးလွှမ်းလျက်ရှိသကဲ့သို့ ကင်းသာရေထိန်းတမံအောက်ပိုင်းရှိ လယ်မြေများတွင် သဲနုန်းများဖုံးလွှမ်းပျက်စီးခြင်း၊ ချောင်းရိုးပြောင်းလဲခြင်းများ ဖြစ်ပေါ်ခဲ့သော်လည်း အချို့ကုန်းမြင့်ပိုင်း လယ်များမှာ လုံးဝထိခိုက်မှုနှင့် ရေဖုံးလွှမ်းမှုမရှိသည်ကို တွေ့ရှိရပြီး ထိခိုက်မှုမရှိသော လယ်မြေများကို မြေဆီဩဇာအပြည့်အဝသုံးစွဲပြီး ပန်းတိုင်အထွက်ရရှိအောင် ဆောင်ရွက်ပံ့ပိုးကူညီပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဆင်း ဆည်ရေသောက်ဧရိယာတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လျက်ရှိသည့်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေထုတ်နုတ်မှု ပိုမိုမြန်ဆန်စေရန် ဒေသခံများ ထိခိုက်မှုမရှိနိုင်သည့် အနိမ့်ပိုင်းချောင်းများ၊ ရိုးများအတွင်းသို့ ရေများထုတ်နုတ်နိုင်ရေးအတွက် လိုအပ်သော စက်ယန္တရားများ အသုံးပြု၍ အမြန်ဆုံးဆောင်ရွက်ရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေးသည်။**





ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ်အတွင်း ဓာတ်အားလိုင်းများ၊ တာဝါတိုင်များ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အား အမြန်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများနှင့် လက်ရှိပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း ဓာတ်အားလိုင်းများ စစ်ဆေးပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဓာတ်အားလိုင်းတိုင်များ စိုက်ထူနေမှု၊ တာဝါသံပေါင်ပျက် ပြုပြင်တပ်ဆင်နေမှုနှင့် တာဝါတိုင်များ ပြန်လည်စိုက်ထူနိုင်ရေး ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဓာတ်အား ပြတ်တောက်လျက်ရှိသည့် ဓာတ်အားလိုင်းတစ်လျှောက် ပျက်စီးမှုများကို အသေးစိတ်လိုက်လံစစ်ဆေး၍ ဓာတ်အားအမြန်ပြန်လည်ရရှိရေး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန်နှင့် ပြုပြင်ရေးလုပ်ငန်းများ လျင်မြန်စွာဖြင့် ဆောလျင်စွာပြီးစီးနိုင်ရေး လူအင်အား၊ ယာဉ်ယန္တရားအင်အားများနှင့် ဓာတ်အားလိုင်းသုံး ဆက်စပ်ပစ္စည်းများကို စုဖွဲ့၍ အင်ပြည့်အားပြည့်အသုံးပြုပြီး ကြိုးပမ်းဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်စဉ် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေးအလေးထားဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားပြတ်တောက်လျက်ရှိသည့်ဧရိယာများကို ဓာတ်အားအမြန်ပြန်လည်ရရှိရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အင်ဂျင်နီယာများ ဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၄၅၀ ဖြင့် ဓာတ်အားလိုင်းပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများကို လျင်မြန်စွာပြီးစီးနိုင်ရေး အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# နတ်မောက်မြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး

**နတ်မောက် စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၂ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးခရိုင် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဟိန်းကျော်အောင်က သန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်၊ လူဦးရေဆိုင်ရာ စီးပွားရေး၊ လူမှုရေးအကြောင်းအရာများအား တစ်နိုင်ငံလုံး(သို့မဟုတ်)သတ်မှတ်နယ်မြေဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်းကောက်ယူသည့် သန်းခေါင်စာရင်းအကြောင်းအရာများ၊ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ၁၅ ရက်ကြာ တစ်နိုင်ငံလုံးတွင် သန်းခေါင်စာရင်းကောက်ယူနိုင်ရန်နှင့် သန်းခေါင်စာရင်းမေးခွန်းများကို မှန်ကန်စွာ ဖြေဆိုခြင်းအားဖြင့် နိုင်ငံတော်မှ သင်နေထိုင်ရာနယ်မြေအတွင်း ဆောင်ရွက်ပေးနိုင်ရေး အကြောင်းအရာများ စသည်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး**

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝန်ကြီးဌာန အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်အားပေးပြီး တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုပေးအပ်ချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား၊ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအေရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်အဖြစ် ဝန်ကြီးရုံးနှင့် e-ID ကိုယ်စားပြုအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ကိုယ်စားပြုအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ဝန်ကြီးရုံးနှင့် e-ID ကိုယ်စားပြုအသင်းက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ကိုယ်စားပြုအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပထမဆုကို ထိုက်ထိုက်တန်တန်ရရှိသွားသည်။



အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ပြိုင်ပွဲဝင်ဘော်လီဘောအသင်းများမှအားကစားသမားများနှင့် အုပ်ချုပ်သူ၊ နည်းပြများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံး စပေးဘောဆု၊ အကောင်းဆုံး ပင့်ထောင်စု၊ အကောင်းဆုံးရိုက်ခုတ်ဆု၊ အကောင်းဆုံး ပိတ်ဆို့ဆု၊ အကောင်းဆုံးခုခံဆယ်မဆု၊ အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်းများကို အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ တတိယဆုနှင့် ဒုတိယဆုရရှိကြသည့်အသင်းများကို ဒုတိယဝန်ကြီးများကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိသည့် ဝန်ကြီးရုံးနှင့် e-ID ကိုယ်စားပြုအသင်းကို ပြည်ထောင်စုဝန်ကြီးက တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကာ (ဝဲပုံ) အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝန်ကြီးဌာန အမျိုးသားဘော်လီဘောပြိုင်ပွဲကို ဝန်ကြီးဌာနအတွက် အင်အားတောင့်တင်း ခိုင်မာအားကောင်းသည့် ပြိုင်ပွဲဝင်ဘော်လီဘောအသင်း တစ်သင်းဖြစ်ပေါ်လာပြီး အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြုအသင်းအဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်ရေးရည်ရွယ်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများမှ ပြိုင်ပွဲဝင်အသင်းရှစ်သင်းဖြင့် စက်တင်ဘာ ၉ ရက်မှ ၁၄ ရက် အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောက်ဆည်ခရိုင်အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများမှ ရေဘေးသင့်ပြည်သူများအား စားရေရိက္ခာများ၊ ထောက်ပံ့ငွေများပေးအပ်

**မန္တလေး စက်တင်ဘာ ၁၄**

မုန်တိုင်းငယ်၏ အရှိန်ကြောင့် စက်တင်ဘာ ၁၀ ရက်မှစတင်၍ နေရာအနှံ့အပြားတွင် မိုးအဆက်မပြတ် ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ် မြင့်တက်လာမှုနှင့်အတူ ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြေနိမ့်ပိုင်းဧရိယာများနှင့် အနီးရှိရပ်ကွက်များ၊ ကျေးရွာများတွင် ရေများဝင်ရောက်ကာ ရေနစ်မြုပ်နေမှုများဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရေများပြန်လည်ကျဆင်းလာပြီဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ကျောက်ဆည်မြို့နယ် ကြက်မင်းတွန်ကျောင်းတိုက်ရှိ ဓမ္မာရုံတွင် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းသို့ လည်းကောင်း၊ ယင်းနောက် မြစ်သားမြို့ ဘူတာရပ်ကွက်ရှိ ရွှေဘုံသာဘုန်းကြီးကျောင်း၊ ရွာသစ်ကျေးရွာအုပ်စုရှိ မန်းမန္တလာဘုန်းကြီးကျောင်းသို့ လည်းကောင်း၊ ကူမဲမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိရွှေဘုံသာဘုန်းကြီးကျောင်းတို့၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းများသို့ လည်းကောင်း သွားရောက်ပြီး ရေဘေးသင့်ပြည်သူများကို တွေ့ဆုံ အားပေးစကား ပြောကြားပြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက စားရေရိက္ခာများ၊ သောက်ရေသန့်ဘူးများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၆၇၁၄၁၀၀ ကိုထောက်ပံ့ပေးအပ်ကာ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှုသည်။

ယင်းနောက်ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံအတွင်း ရေဝင်ရောက်ခဲ့မှုများနှင့် ရေပြန်လည်ကျဆင်းမှု အခြေအနေများ၊ ရောဂါရှာဖွေရေး စက်ပစ္စည်းများ ရေလွတ်ရာနေရာများသို့ရွှေ့ပြောင်းထားရှိမှု အခြေအနေများကို ကြည့်ရှုပြီး ဆေးရုံတွင်တက်ရောက်ဆေးဝါးကုသမှု ခံယူနေသည့် လူနာများကို အားပေးစကားများ ပြောကြား၍ အာဟာရဖြည့်စွက်စာများပေးအပ်ကာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆေးရုံအတွက် သောက်သုံးရေ အခက်အခဲမရှိစေရန် New Strar-light ဆောက်လုပ်ရေးကုမ္ပဏီက ကျပ်သိန်း ၂၀၀ ခန့် ကုန်ကျမည့် လေးလက်မခွဲ စက်ရေတွင်းနှင့် ကျင်းလုံ မြန်မာစက်မှုလုပ်ငန်းသုံး ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်က ကျပ်သိန်း ၂၀ ခန့် တန်ဖိုးရှိ ရေမြုပ်မော်တာတို့ကို လည်းကောင်း လှူဒါန်းခဲ့သည်။



အဆိုပါခရီးစဉ်၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင်အတွင်း လမ်းပိုင်းပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး ထပ်မံအသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့် ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် ဘဏ်များမှတစ်ဆင့် လှူဒါန်းလိုပါက မြန်မာငွေစာရင်းအမှတ် OA-011834၊ နိုင်ငံခြားငွေစာရင်းအမှတ် (0111284000000063) နှင့် (EDN-600018) တို့သို့လည်းကောင်း၊ မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက K Pay နှင့် Wave Money များသို့ ထည့်ဝင်လှူဒါန်းနိုင်သည့် QR Code များ၊ ဖုန်းနံပါတ်များကို ကြေညာပြီးဖြစ်ပါသည်။

၂။ ထပ်မံ၍ အခြားသော မိုဘိုင်းငွေပေးချေမှုစနစ်များဖြစ်သော CB Pay၊ OK $ နှင့် AYA PAY တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် အောက်ပါ QR Code များအား Scan ဖတ်၍ လှူဒါန်းနိုင်ပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်-




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## မလှိုင်မြို့၌ ချည်မျှင်ရှည်ဝါမျိုးစေ့နှင့် ဆင်းရွှေကြာ(၂) နေကြာမျိုးစေ့များကို အခမဲ့ထောက်ပံ့

**မလှိုင် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးကြပ်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီ မိုးနှောင်းချည်မျှင်ရှည်ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းယုက ရွှေတောင်(၁၀) ဝါ မျိုးသန့်မျိုးစေ့၊ B-31၊ စပ်မျိုးချည်မျှင်ရှည်ဝါ မျိုးစေ့နှင့်ဆင်းရွှေကြာ(၂) နေကြာမျိုးစေ့များကို အခမဲ့ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက် ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်သမဦးစီး ဦးဇော်လင်းကို၊ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးထွန်းထွန်းဝင်းတို့က မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာအုပ်စုမှ တောင်သူ ၁၇ ဦးကို ဆင်းရွှေကြာ(၂) နေကြာမျိုးစေ့ ဧက ၃၀ စာနှင့် ရေချိုဘူတာအုပ်စုမှ တောင်သူ ၂၅ ဦးတို့ကို ရွှေတောင်(၁၀)ဝါမျိုးစေ့ ဧက ၅၀ စာ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြထွန်း (မလှိုင်)

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးကြီးကာ ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည့် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် သူဌေးကုန်းရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၌ ရေဘေးဒဏ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ကျောင်းအုပ် ဆရာမကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ထောက်ပံ့ငွေများပေးအပ်ပြီး ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပြီး စာသင်ကြားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်ရန် မှာကြားကာ



လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက်ရှိ အောင်ဇေယျ အလယ်တန်းကျောင်း၊ ဘုရင့်နောင်ရပ်ကွက်ရှိ ဘုရင့်နောင် အလယ်တန်းကျောင်း (ခွဲ)၊ ဆရာစံရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းများသို့ သွားရောက်၍ မုန်တိုင်းအရှိန်ကြောင့် မိုးကြီးရေနစ်မြုပ်ကာ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စာသင်ဆောင်အခြေအနေများကို လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစဉ် အဆိုပါကျောင်းများမှ ဆရာ ဆရာမများနှင့်လည်းကောင်း၊ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးဒုက္ခသည်များနှင့်လည်းကောင်း တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ချီးမြှင့်ထောက်ပံ့ငွေများ၊ ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်များပေးအပ်၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(အေလာ) သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ဒြပ်ပစ္စည်းသိပ္ပံ သုတေသနဌာန(အေလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက သတ္တုဗေဒနှင့် ဒြပ်ပစ္စည်းသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ ဝန်ထမ်းများအနေဖြင့် လက်တွေ့ သင်ကြားလေ့ကျင့်မှုများကို ကျွမ်းကျင်တတ်မြောက်ရန်နှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်ကြောင်းပြောကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သုတေသနဆိုင်ရာ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သရက်တော ပရိယတ္တိစာသင်တိုက်နှင့် ပုပ္ပားမစိုးရိမ်ကျောင်းတိုက်များသို့ သွားရောက်ကာ ကျောင်းထိုင် ဆရာတော်များကို ဖူးမြော်ကြည်ညို၍ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

တို့အတူ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးခေါင်းဆောင်သည့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရေဘေးသင့်နေသော ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (တောင်ငူ) သို့သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ကွန်ပျူတာ တက္ကသိုလ် (တောင်ငူ)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(တောင်ငူ)



ရှိ ရေဘေးသင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများထံသို့ နည်းပညာတက္ကသိုလ်(တောင်ငူ)နှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ(တောင်ငူ) တို့တွင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများက စားသောက်ဖွယ်ရာများကို စေတနာထက်သန်စွာ ချက်ပြုတ်၊ ထုပ်ပိုး၍ ပို့ဆောင်ထောက်ပံ့ ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ နေပြည်တော်အတွင်းရှိ ရေဘေးသင့်ပြည်သူများထံ သွားရောက်ထောက်ပံ့လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက်



နေရာချထားပေးသော လယ်ဝေးမြို့နယ် ဂိုဏ်းထောက်ဘုန်းကြီးကျောင်းနှင့် သရက်တောဘုန်းကြီးကျောင်းများသို့ လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ တပေါင်းကွင်းနှင့် ပျဉ်းမနားမြို့နယ်ရှိ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်များသို့ လည်းကောင်း သွားရောက်ပြီး ရေဘေးသင့် ပြည်သူများထံ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ရေသန့်နှင့် အစားအစာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

○ *ကျောဖုံးမှ*

**ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော် (၂၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ခုနစ်ပေကျော် (၂၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ မြစ်ငယ်မြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် စက်တင်ဘာ ၁၄** – ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်တင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ **မိုး/ဇလ**

## ဥတုရာသီ၊ တောကိုမှီ၍

# ဒုတိယဝန်ကြီး ဦးရဲတင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ ပုံနှိပ်စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ရောက်ရှိပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်နေခြင်းကြောင့် မီးစက်ဖြင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုအဆက်မပြတ် ထုတ်လွှင့်ပေးနေမှုများ၊ မီးစက်နှစ်လုံးဖြင့် အလှည့်ကျမီးပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ စက်ရုံလေအေးပေးစနစ်အတွက် ရေရရှိအောင်ဆောင်ရွက်နေမှုများ၊ ဝန်ထမ်းအိမ်ရာများအတွင်း လက်ဆွဲမီးစက်များဖြင့် သောက်သုံးရေ အလှည့်ကျတင်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံအားပေး စကားပြောကြားသည်။

ဒုတိယဝန်ကြီးက တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံရာတွင် ပြည်သူ့အတွက် ရုပ်မြင်သံကြားနှင့် ရေဒီယိုအား ဖြစ်နိုင်သည့်နည်းလမ်းများဖြင့် မပြတ်တောက်အောင် ထုတ်လွှင့်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် လျှပ်စစ်မီးပြန်လည်ရရှိရေးညှိနှိုင်းဆောင်ရွက်နေမှုများ၊ မကြာမီ တစ်နိုင်ငံလုံးတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူတော့မည်ဖြစ်ပြီး ဆက်လက်၍ (၂၅) နှစ်မြောက် ငွေရတု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပတော့မည်ဖြစ်ရာ လိုအပ်သည့် အသိပညာပေးမှုများ အဆက်မပြတ်ဆောင်ရွက်ရေး၊ သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ရာတွင် အမှားအယွင်းမရှိရေးတို့ကို မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး ဆောင်ရွက်နေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံတို့သို့ရောက်ရှိရာ စက်ရုံများအတွက် ရေရရှိရေး ဆောင်ရွက်ပေးသည့် ဆင်သေချောင်းအတွင်းမှ ရေစုပ်စက်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာများ မျောပါပျက်စီးမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းအိမ်ရာများအတွက် အဝီစိတွင်းနှင့် ရေသယ်ယာဉ်တို့ဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနတွင် ယခုနှစ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် အဝီစိတွင်းတစ်တွင်း တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်ကုန်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများတွင် အစားအစာနှင့်အဝတ်အထည်များ ထောက်ပံ့

**တပ်ကုန်း စက်တင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းသဖြင့် နဝင်းချောင်း ရေကြီးရေလျှံဖြစ်ကာ ရပ်ကွက်၊ ကျေးရွာများကို ရေများဝင်ရောက်၍ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၏ ဇနီးနှင့်အလှူရှင်များက ယနေ့နံနက်ပိုင်းတွင် အစားအစာများနှင့် အဝတ်အထည်များ လာရောက်ထောက်ပံ့သည်။

အဆိုပါထောက်ပံ့ရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီးနှင့်အလှူရှင်များ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးတို့နှင့်အတူ ချမ်းမြေ့မြိုင်ရိပ်သာ ကယ်ဆယ်ရေးစခန်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်း၊ မကျီးပင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်း၊ မဟာဇနက ပရိယတ္တိစာသင်တိုက် ကယ်ဆယ်ရေးစခန်းများတွင် အစားအစာများနှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်းပြီးနောက် မဟာဇနကစာသင်တိုက် ဆရာတော်၊ သံဃာတော်နှင့် သာမဏေများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**



မွန်ပြည်နယ် ပေါင်မြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများက ကဒါရပ်ကွက် ရွှေတိဂုံစေတီတော်မြတ်ကြီး အတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်စဉ်။

မွန်မလေး (ပြန်/ဆက်)

# အီရတ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် ချင်းတိုင်းရင်းသူနှင့် ရခိုင်တိုင်းရင်းသူတို့အား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် စက်တင်ဘာ ၁၄**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာ သံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ အာဘေးမြို့၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ချင်းတိုင်းရင်းသူ Lal Lawm Tluangi နှင့် ရခိုင်တိုင်းရင်းသူ မစန္ဒီလင်းတို့အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် ကာဒစ္စတန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရထံ သံတမန်စာပေးပို့၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ SEED Organization နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ၎င်းတို့နှစ်ဦးသည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့် (Exit permit) ရရှိခဲ့ရာ စက်တင်ဘာ ၁၂ ရက်တွင် Erbil – Istanbul – Bangkok – Yangon ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး စက်တင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်း ကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ–ကနူး**



❑ *ကျောဖုံးမှ*

သရေရုလဒ်ကြောင့် ထိပ်ဆုံးမှ ရှုံးယူနိုက်တက်နှင့် အမှတ်ပိုပြတ်သွားသလို တတိယနေရာမှ ဟံသာဝတီအသင်းသာ နိုင်ပွဲရယူနိုင်ပါက ဒုတိယနေရာမှ ဖယ်ပေးရမည်ဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်း နောက်ခံလူ ကျော်ဖြိုးဝေက ရရှိသည်။.

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာ သိပ္ပံအသင်းက သစ္စာအားမာန်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာ သိပ္ပံအသင်းအတွက် ဂိုးများကို ၅၁၊ ၈၅ မိနစ်တွင် သန်းတိုးအောင်၊ ၇၃ မိနစ်တွင် ကျော်ဇေယျ၊ ၈၃ မိနစ်တွင် သိန်းဇော်သီဟတို့က သွင်းယူပြီး သစ္စာအားမာန် အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၈ မိနစ်တွင် မြတ်ဘုန်းခန့်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာ သိပ္ပံတိုက်စစ်မှူး သန်းတိုးအောင်က ရရှိသည်။

ပွဲစဉ် (၁၀) တတိယနေ့ကို စက်တင်ဘာ ၁၅ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ **ရဲရင့်လွင်၊**

**ဓာတ်ပုံ–MNL**

❖ *ကျောဖုံးမှ*

ကစားသမားစာရင်းကို လေးဦးအထိ အပြောင်းအလဲပြုလုပ်ကာ မန်ယူအသင်းကို ရင်ဆိုင်လာခဲ့သော်လည်း ရှုံးပွဲထပ်မံ ကြုံတွေ့ခဲ့ရပြီး နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ရသည်။

ဆောက်သမ်တန် အသင်းသည် ပွဲချိန် ၃၃ မိနစ်တွင် ပယ်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့ပြီး တိုက်စစ်ကစားသမား ကာမီရွှန်အာခါ သွင်းယူခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ၃၅ မိနစ်တွင် အသင်းခေါင်းဆောင် ဖာနန်ဒက်စ်၏ ဖန်တီးမှုကို ခံစစ်ကစားသမား ဒီလစ် ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် မန်ယူအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါသွင်းဂိုးမှာ မန်ယူအသင်းအတွက် ၎င်း၏ ပထမဆုံးသွင်းဂိုးလည်း ဖြစ်သည်။

ပွဲချိန် ၄၁ မိနစ်တွင် မန်ယူအသင်းသည် ဒုတိယဂိုးရရှိခဲ့ပြီး ဒီယယ်လို၏ဖန်တီးမှုကို တိုက်စစ်ကစားသမား ရက်ဖို့ဒ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့ပြင် ပွဲချိန် ၇၉ မိနစ်တွင် ဆောက်သမ်တန် အသင်းမှခံစစ်ကစားသမား စတီဖန် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

မန်ယူ အသင်းအတွက် တတိယဂိုးကို လူစားဝင်တိုက်စစ်ကစားသမား ဂါနာချိုက သွင်းယူပေးခဲ့သည်။

မန်ယူအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လေးပွဲကစားပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် ရမှတ်ခြောက်မှတ် ရရှိထားပြီး ပြိုင်ဘက် ဆောက်သမ်တန် အသင်းက လေးပွဲကစားပြီး လေးပွဲစလုံး ရှုံးနိမ့်ထားသည့်အတွက် ရမှတ်ရရှိထားခြင်း မရှိသေးပေ။

**အောင်ဇော်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ကုလအကြီးအကဲ ဂူတာရက်စ်က ငြိမ်းချမ်းရေးခေါင်းလောင်းထိုးကာ ငြိမ်းချမ်းရေးဖွံ့ဖြိုးမှု ပျိုးထောင်ကြရေးတောင်းဆို



**နယူးယောက် စက်တင်ဘာ ၁၄**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ငြိမ်းချမ်းရေး ခေါင်းလောင်းထိုးသော နှစ်ပတ်လည်နေ့အခမ်း အနားမိန့်ခွန်းတွင် ငြိမ်းချမ်းရေးဖွံ့ဖြိုးမှုအတွက် ပျိုးထောင်ကြရန် ကမ္ဘာကြီးကို တောင်းဆိုလိုက် ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို သောကြာနေ့က နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ်၌ ကျင်းပခဲ့ ကြောင်း၊ ကုလသမဂ္ဂအကြီးအကဲသည် စက်တင် ဘာ ၂၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့မတိုင်မီ နှစ်စဉ် ခေါင်းလောင်းထိုး ကြောင်း သိရသည်။ ငြိမ်းချမ်းရေးခေါင်းလောင်းကို ၁၉၅၄ ခုနှစ်က ဂျပန်နိုင်ငံအနောက်ပိုင်း အဟိမေ ခရိုင်ရှိ ဂျပန်ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူ နာကာဂါဝါချီယိုဂျီက လှူဒါန်းထားခြင်းဖြစ်သည်။

အဆိုပါ ခေါင်းလောင်းကို နိုင်ငံပေါင်း ၆၀ ကျော်က ပေးအပ်သော ဒင်္ဂါးပြားများနှင့် သွန်းလုပ်ထား ကြောင်း သိရသည်။ ယင်းအခမ်းအနားသို့ နာကာ ဂါဝါချီယိုဂျီ၏ သမီးဖြစ်သူ တာကာဆေဆေကို တက်ရောက်ခဲ့သည်။ ဂူတာရက်စ်က “ဒီကုလသမဂ္ဂ မှာ ငြိမ်းချမ်းရေးဆိုတာ ကျွန်ုပ်တို့ အသက်ရှင် ရပ်တည်မှုအတွက် ရည်ရွယ်ချက် သို့မဟုတ် အကြောင်းပြချက် ဖြစ်ပေမယ့် ငြိမ်းချမ်းရေးဟာ ခြိမ်းခြောက်ခံနေရပြီး စစ်ပွဲတွေဖြစ်ပွားလာနေတယ်” ဟု ပြောကြားသည်။

တာကာဆေးက ၎င်း၏ ဖခင်သည် ၎င်းကိုယ်တိုင် တွေ့ကြုံခဲ့ရသည့် စစ်ပွဲမှတစ်ဆင့် ကမ္ဘာကြီး ငြိမ်းချမ်းရမည်ဟု ယုံကြည်သောကြောင့် ခေါင်းလောင်းသွန်းလုပ်မှုကို ခွန်အားစိုက်ထုတ်ခဲ့ ခြင်းဖြစ်ကြောင်း ပြောသည်။ စစ်ပွဲခြိမ်းခြောက်မှုများ အကြိမ်ကြိမ်ရှိသော်ငြား လူသားများအနေဖြင့် လက်မလျှော့ဘဲ ငြိမ်းချမ်းရေးရရှိရန် မဖြစ်မနေ ကြိုးပမ်းကြရမည်ဟု ၎င်းက ဖြည့်စွက်ပြော သည်။

**အင်န်အိတ်ချ်ကေ**

# အာဖရိကအလယ်ပိုင်းရှိ ရေဘေးဒဏ်ခံပြည်သူလေးသန်းအတွက် အကူအညီများ ယူနီဆက်ဖ် တောင်းဆို

**ဂျီနီဗာ စက်တင်ဘာ ၁၄**

အာဖရိကအနောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ရေဘေးဒဏ်ခံပြည်သူ လေးသန်းနီးပါးအတွက်ကူညီထောက်ပံ့မှုများပြုလုပ်ရန် အပြည်ပြည် ဆိုင်ရာအသိုင်းအဝိုင်းထံ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က တောင်းဆိုခဲ့သည်။

အဆိုပါပြည်သူလေးသန်းမှာယခုနှစ်အတွင်း ၎င်းတို့၏နေအိမ်များ ဆုံးရှုံးခြင်းနှင့် ရေဘေးဒုက္ခကြောင့် ထိခိုက်မှုများ ခံစားခဲ့ရသူများ ဖြစ်ကြောင်း ယူနီဆက်ဖ်က ပြောသည်။ မိလ္လာရေဆိုးစနစ် ပျက်စီးခြင်း ကြောင့် ကလေးများကြားတွင် ကူးစက်ရောဂါများပျံ့နှံ့လာမည် ကို စိုးရိမ်နေရကြောင်း ယူနီဆက်ဖ်က ပြောသည်။

စာသင်ကျောင်းများ ပျက်စီးသွားသည့်အတွက် ကလေးများ စာသင် ကြားနိုင်သည့်အခွင့်အရေး ဆုံးရှုံးမည်ဖြစ်ရာ ကလေးငယ်များအတွက် ထောက်ပံ့ကူညီမှုများပြုလုပ်ရန် လိုအပ်သည်ဟုလည်း ၎င်းက ဆက်ပြော သည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် ဩဂုတ်လနှောင်းပိုင်းမှစတင်ကာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဆည်တစ်ခုကျိုးပျက်ခဲ့ရသည်။ ထို့ကြောင့် မြို့ပြဧရိယာသို့ ရေများစီးဝင်လာခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် ၃၇ ဦး သေဆုံးခဲ့ပြီးကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေရဆဲ ဖြစ်သည်ဟု နိုင်ဂျီးရီးယားအစိုးရက ပြောသည်။

အိမ်နီးချင်း ချဒ်နိုင်ငံတွင်လည်း ဇူလိုင်လမှစတင်၍ နိုင်ငံအတွင်း ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ရေကြီးမှုကြောင့် ၁၄၅ ဦး သေဆုံးခဲ့ပြီး နေအိမ် ၁၆၀၀၀၀ ကျော် ပျက်စီးခဲ့ရသည်။ မာလီနှင့်နိုင်ဂျာနိုင်ငံတို့ တွင်လည်း ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တိုင်ဖွန်းရာဂီ ဝင်ရောက်ပြီးနောက် ဗီယက်နမ်တွင် သေဆုံးသူ ၂၅၀ ကျော်ရှိ

**ဟနွိုင်း စက်တင်ဘာ ၁၄**



ဗီယက်နမ်နိုင်ငံ ဘတ်ကန်ပြည်နယ်တွင် တိုင်ဖွန်းရာဂီ တိုက်ခတ်ပြီးနောက် မြေပြိုမှုဖြစ်ပေါ်စဉ်။

လွန်ခဲ့သည့်တစ်ပတ်က တိုင်ဖွန်းရာဂီ ဗီယက် နမ်နိုင်ငံကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ပြီး နောက် လူ ၂၅၄ ဦး သေဆုံးပြီး ၈၂ ဦး ပျောက်ဆုံးနေကြောင်း ဗီယက်နမ်နိုင်ငံပိုင် မီဒီယာက ဖော်ပြသည်။

အားပြင်းမုန်တိုင်းသည် နိုင်ငံမြောက်ဘက် ခြမ်းကို ရိုက်ခတ်ခဲ့ပြီး မြေပြိုမှုနှင့် ရေကြီးမှု များ ဖြစ်ပေါ်ခဲ့သဖြင့် ဗီယက်နမ်အစိုးရက ရေဘေးသင့်ပြည်သူများထံ ကယ်ဆယ်ရေး ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိသည်။ ဗီယက်နမ် အာဏာပိုင်များက ယင်းသည် နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံး မုန်တိုင်း ဖြစ်ကြောင်း ပြောကြားသည်။

လာအိုကိုင်ပြည်နယ်တွင် အဆိုးရွားဆုံး ထိခိုက်ခဲ့ပြီး သေဆုံးသူ ၄၆ ဦးရှိကာ ၄၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်၍ ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင် နေဆဲဖြစ်သည်။

မြို့တော်ဟနွိုင်း၏ အစိတ်အပိုင်း အများအပြားတွင်လည်း ရေကြီးနစ်မြုပ်ခဲ့ သည်။ မြို့တော်တွင် နှစ်ပေါင်း ၃၀ ကျော်ကြာ နေထိုင်ခဲ့စဉ်အတွင်း ဤမျှလောက်အထိ ရေတက်လာသည်ကို မမြင်ဖူးသေးကြောင်း အသက် ၅၀ ဝန်းကျင် အမျိုးသမီးတစ်ဦးက ပြောသည်။

ဗီယက်နမ်နိုင်ငံဆိုင်ရာ ဂျပန်သံရုံးက လည်း ဗီယက်နမ်ရှိ ဂျပန်ကုမ္ပဏီ ၁၆၉ ခု၏ စက်ရုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ**

# ကွန်ဂိုနိုင်ငံ၌ မျောက်ကျောက်ကာကွယ်ဆေးထိုးလှုပ်ရှားမှု အောက်တိုဘာ ၂ ရက်တွင် စတင်မည်

**ကင်ရှာဆာ စက်တင်ဘာ ၁၄**

အာဖရိကတွင် ဆက်လက်ဖြစ်ပွား နေသော မျောက်ကျောက်ရောဂါ ဖြစ်ပွားမှု၏ ဗဟိုချက်ဖြစ်သည့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ တွင် ကာကွယ်ဆေးထိုးလှုပ်ရှားမှု ပထမအဆင့်ကို အောက်တိုဘာ ၂ ရက်တွင် စတင်မည်ဖြစ်ကြောင်း အစိုးရက စက်တင်ဘာ ၁၃ ရက် ညနေပိုင်းက ကြေညာသည်။

အောက်တိုဘာ ၁၁ ရက်အထိ ကာကွယ်ဆေးထိုးနှံရေးလှုပ်ရှား မှုအတွက် နိုင်ငံတကာမိတ်ဖက် များထံမှ ဆေးအလုံးပေါင်း ၂၆၅၀၀၀ ကျော် လက်ခံရရှိပြီး ဖြစ်ကြောင်း အပတ်စဉ်ဝန်ကြီးများ ကောင်စီအစည်းအဝေးမှတ်တမ်း များအရ သိရသည်။ ကလေးများ အတွက် ကာကွယ်ဆေးအလုံးရေ ၃၀၀၀ ဝယ်ယူရေးလုပ်ငန်းစဉ် သည် လုံလောက်နေပြီဖြစ် ကြောင်း မှတ်တမ်းတွင် ဖော်ပြ သည်။

ကွန်ဂို ကျန်းမာရေးဝန်ကြီး ဌာနမှ စက်တင်ဘာ ၁၃ ရက်က ထုတ်ပြန်သော အစီရင်ခံစာတစ်ခု တွင် လက်ရှိမျောက်ကျောက် ရောဂါဖြစ်ပွားမှု၏ ဗဟိုချက်အဖြစ် သတ်မှတ်ထားသော ကွန်ဂိုတွင် ၂၀၂၄ ခုနှစ် အစပိုင်းကတည်းက သေဆုံးသူ ၇၁၆ ဦး အပါအဝင် သံသယရှိသူ ၂၁၈၁၃ ဦးရှိခဲ့ပြီး ၉၀ ရာခိုင်နှုန်းမှာ အာဖရိကတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘာဗေးရီးယန်းနော့ဒစ်ကုမ္ပဏီ မှ ထုတ်လုပ်သော အမ်ဗွီအေ-ဘီအင်န်ကာကွယ်ဆေးကို ကမ္ဘာ့ ကျန်းမာရေးအဖွဲ့က ပထမဆုံး မျောက်ကျောက် ကာကွယ်ဆေး အဖြစ် အတည်ပြုကြေညာထား သည်။

**ဆင်ဟွာ**

# ဂါဇာဒေသတွင် ပထမအကျော့ ပိုလီယိုတိုက်ဖျက်ရေးလှုပ်ရှားမှုအစီအစဉ် ပြီးဆုံး

**ဂျီနီဗာ စက်တင်ဘာ ၁၄**

ဂါဇာကမ်းမြောင်ဒေသတွင် အသက် ၁၀ နှစ်အောက် ကလေးငယ် ၅၆၀၀၀၀ ကျော်ကို ကုလသမဂ္ဂနှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများက ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုအဖွဲ့က စက်တင်ဘာ ၁၃ ရက်တွင် ပြောသည်။

ဂါဇာအလယ်ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းဇုန်များတွင် ပထမ အကျော့ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုအစီအစဉ်မှာ စက်တင်ဘာ ၁၂ ရက်က ပြီးစီးသွားပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အစီရင် ခံထားကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။ ဂါဇာမြောက်ပိုင်းတွင် ပထမအကျော့ ကာကွယ်ဆေးတိုက်ကျွေးမှု ပြီးစီးခါနီးရက်ပိုင်းတွင် သုံးရက်အတွင်း ကလေးငယ် ၁၁၂၀၀၀ ကို ကာကွယ်ဆေးတိုက်ကျွေးနိုင်ခဲ့ကြောင်း ကုလ သမဂ္ဂ လူသားချင်းစာနာထောက်ထားမှုအဖွဲ့က ပြောသည်။

တိုက်ခိုက်မှုများ၊ မလုံခြုံမှုများနှင့် အကြိမ်ကြိမ် ရွှေ့ပြောင်းနေထိုင် ရေးအမိန့်များကြောင့် ဆေးရုံ ၃၆ ရုံအနက် ၁၇ ရုံသာ တစ်စိတ်တစ်ပိုင်း လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အင်အားပြင်း အပူပိုင်းမုန်တိုင်း ဘီဘင်ကာ ဂျပန်နိုင်ငံ အေမာမီဒေသသို့ ချဉ်းကပ်

**တိုကျို စက်တင်ဘာ ၁၄**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီးမားစီရင်စု အေမာမီဒေသ အနီးသို့ အင်အားပြင်းအပူပိုင်းမုန်တိုင်း ဘီဘင်ကာ စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းမှ ညပိုင်းအတွင်း ရောက်ရှိလာဖွယ်ရှိသဖြင့် လေပြင်း များ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသဌာနတာဝန်ရှိသူများက သတိပေး ထားသည်။

ဘီဘင်ကာမုန်တိုင်းသည် စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် အိုကီနာဝါစီရင်စုရှိ မီနာမီဒါအိတိုဂျီမားကျွန်း၏ မြောက်-အနောက် မြောက်ဘက် ရေပြင်ပေါ်မှ တစ်နာရီလျှင် ၃၀ ကီလိုမီတာနှုန်းဖြင့် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေကြောင်း ဂျပန် မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ဘီဘင်ကာသည် ဗဟိုလေထုဖိအား ၉၈၅ ဟက်တိုပါစကယ်ရှိပြီး ၎င်း၏ဗဟိုချက်အနီးတွင် တစ်နာရီလျှင် အမြင့်ဆုံးလေတိုက်နှုန်း ၉၀ ကီလိုမီတာဖြင့် တိုက်ခတ်နေပြီး တစ်နာရီလျှင် အမြင့်ဆုံးလေတိုက်နှုန်း ၁၂၆ ကီလိုမီတာအထိရှိသည်။ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက် သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရပြီး ဆက်လက်အားကောင်းလာ လျက်ရှိသည်။

လှိုင်းအမြင့်မှာ အေမာမီဒေသတွင် ၈ မီတာ၊ တောင်ပိုင်း ကျူရှူး ဒေသတွင် ၇ မီတာနှင့် အိုကီနာဝါတွင် ၆ မီတာအထိ လှိုင်းကြီးနိုင်သည်။ စက်တင်ဘာ ၁၅ ရက် မွန်းတည့်မှ ၂၄ နာရီအတွင်း အေမာမီနှင့် ကျူရှူး တောင်ပိုင်းတွင် မိုးရေချိန် ၁၅၀ မီလီမီတာနှင့် အိုကီနာဝါတွင် ၁၀၀ မီလီမီတာအထိ မိုးရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားသည်။

လှိုင်းကြီးခြင်း၊ မြေပြိုခြင်း၊ မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးခြင်းနှင့် မြစ်ချောင်းများ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သဖြင့် သတိထားရန် အေမာမီဒေသရှိ ပြည်သူများအား မိုးလေဝသဌာန တာဝန်ရှိသူများက သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

# ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



တောင်ငူမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်လာမှုနှင့်အတူ မြို့နယ်အချို့ရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကာ ကားလမ်း၊ ရထားလမ်းများ ရေကျော်ခြင်း၊ တံတားအချို့ပျက်စီးခြင်း၊ လျှပ်စစ်မီးတိုင်များနှင့် အဆောက်အဦများ ထိခိုက်ပျက်စီးခြင်း၊ လူနေအိမ်များ ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

**ကူညီကယ်ဆယ်ရွှေ့ပြောင်း**

ထိုသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ရေကြီးရေလျှံဖြစ်ပေါ်နေသည့် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့် ပြည်သူများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်လူမှုဝန်ထမ်းကယ်ဆယ်ရေးအသင်း/အဖွဲ့များက လိုအပ်သည့်ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံဝေငှပေးခြင်းများတက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

**သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်**

ထို့အပြင် ရေများပြန်လည် ကျဆင်းသွားသည့် နေရာများရှိ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများအား ဖယ်ရှားပေးခြင်း အပါအဝင် ကူညီကယ်ဆယ်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသည်။

ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကို လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေရှိ သိုက်ချောင်းတံတားနှင့် နဝင်းချောင်းတံတားတို့ကို သံပေါင်ဘေလီ အစားထိုး ပြုပြင်ဆောင်ရွက်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။





ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ် ရွှေ့ပြောင်းပေးခြင်းနှင့် စားသောက်ဖွယ်များ ဝေငှပေးမှုကို တွေ့ရစဉ်။

ထို့ပြင် ချဉ်းကပ်လမ်းပျက်စီးသွားသော နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အား ဆက်သွယ်ထားသော ပုပ္ပားကုန်းတံတား (ဆင်သေချောင်းကူး)အား ယာယီဘေလီတံတား အစားထိုးခြင်းကို အင်တိုက်အားတိုက် ပြုပြင်ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် ပြီးစီးပြီဖြစ်၍ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

ထို့ပြင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေပြည်တော် ကောင်စီနယ်မြေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ပေးထားပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကာ ရေဘေးသင့်ပြည်သူများ စားသောက်ရေးအခက်အခဲမရှိစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ထမင်းဘူးများ၊ ရေသန့်များနှင့် အခြားစားသောက်ဖွယ်ရာများကို လိုက်လံဝေငှပေးလျက်ရှိသည်။



ရေများ ပြန်လည်ကျဆင်းသွား၍ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ၊ အမှိုက်များကို သန့်ရှင်းရေးဆောင်ရွက်စဉ်။

**ထောက်ပံ့ပစ္စည်းများပေးအပ်**

ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်၍ ရင်းရင်းနှီးနှီး အားပေးစကားများ ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၆၄ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာပေါင်း ၄၆၂ ရွာတို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာလ ၁၀ ရက်မှ ၁၃ ရက် ညပိုင်းအထိ ရရှိသောစာရင်းများအရ ပြည်သူ ၇၄ ဦး သေဆုံးခဲ့ပြီး ပျောက်ဆုံးနေသူ ၈၉ ဦးရှိကြောင်းနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ထို့ပြင် အထက်ပါရပ်ကွက်၊ ကျေးရွာများအတွင်း ရေကြီးရေလျှံခဲ့မှုကြောင့် လမ်းအရှည် ၃၂၆၄၅ ပေ၊ တံတား ၂၄ စင်း၊ စာသင်ကျောင်း ၃၇၅ ကျောင်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဆည်/တမံ ငါးခု၊ ဘုရားစေတီ လေးဆူ၊ ထရန်စဖော်မာ ၁၄ လုံး၊ ဓာတ်မီးတိုင် ၄၅၆ တိုင်နှင့် လူနေအိမ် ၆၅၇၅၉ လုံး ရေဝင်နစ်မြုပ်၍ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် လမ်းများပေါ်တွင် တင်ကျန်နေသော နုန်းမြေများနှင့် လမ်းဘေးရေမြောင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်အတွင်း သဘာဝဘေးလျော့ပါးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ယနေ့ညနေပိုင်းတွင် ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် လမ်းများပေါ်တွင် တင်ကျန်နေသော နုန်းမြေများနှင့် လမ်းဘေး ရေမြောင်းများ အတွင်း ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ကြည့်ရှုစစ်ဆေးရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် ကားလမ်းမကြီးများပေါ်တွင် တင်ကျန်နေသည့် နုန်းမြေများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းဘေးရေမြောင်းများအတွင်းရှိ သစ်ကိုင်းသစ်ခက်များ၊ အမှိုက်များနှင့် နုန်းများကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း သဘာဝဘေးလျော့ပါးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ရေဘေးသင့်ပြည်သူများအတွက် အစားအသောက်များနှင့် သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရန် စီမံဆောင်ရွက်ပေးရေး၊ ကူညီကယ်ဆယ်ရေးလုပ်ငန်း များကို အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုစာရင်းများ မှန်ကန်တိကျစွာ ရရှိရေးတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေးလင်းထွန်း(ပြန်/ဆက်)**

## ရေကြီးရေလျှံမှုဖြစ်ပွားသည့် ဒေသများတွင် ရေဘေးသင့်ပြည်သူများကို ကြက်ခြေနီများ ပါဝင်ကူညီ

**ရန်ကုန် စက်တင်ဘာ ၁၄**

ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုများကြောင့် ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေရာ ရေဘေးသင့် ပြည်သူများအား ဒေသခံကြက်ခြေနီ စေတနာလုပ်အားရှင်များက လူမှုကရုဏာအကူအညီများကို ဆက်လက်ကူညီပေးလျက်ရှိသည်။

ထိုသို့ကူညီရာတွင် အလှူရှင်များ လှူဒါန်းသည့် စားစရာနှင့် ရေသန့်များ ဝေငှခြင်း၊ ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးပြုစုပေးခြင်း၊ ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းတို့ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အတူ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ယာယီရေဘေးရှောင်စခန်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော စောင်နှင့် တာပေါ်လင်စများကို ထောက်ပံ့ပေးသည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ မြဝတီမြို့နယ် ကြက်ခြေနီစေတနာလုပ်အားရှင်များက မြို့နယ်ကြက်ခြေနီအသင်းခွဲမှ စက်လှေ၊ မော်တော်ယာဉ်များ အသုံးပြုကာ ရေဘေးသင့် ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်းကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအား ဒေသခံကြက်ခြေနီ စေတနာလုပ်အားရှင်များက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ လူမှုကရုဏာအကူအညီများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်နှင့် ကျောက်ဆည် မြို့နယ်တို့တွင် ရေဘေးသင့် ပြည်သူများအား ကူညီရာတွင် အသုံးပြုနိုင်ရန်အတွက် မြို့နယ်မှ ကြက်ခြေနီ စေတနာ လုပ်အားရှင်များအား အသက်ကယ်အင်္ကျီ ငါးထည်၊ အသက်ကယ်ဖောကွင်း သုံးခု၊ မိုးကာအင်္ကျီ ၁၀ ထည်၊ ဦးထုပ် ၁၀ လုံး၊ ရော်ဘာဖိနပ် ၁၀ ရံနှင့် Waist Coat ၁၀ ခုစီတို့ကို တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ပေးအပ်သည်။

**သတင်းစဉ်**



## တောင်ငူမြို့၌ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေပြီး မြေနိမ့်ပိုင်းရှိပြည်သူများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိ

**တောင်ငူ စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ် အထက်ရောက်ရှိနေပြီး ယနေ့နံနက်ပိုင်းတွင် အထက်မြစ်ညာမှ မြစ်ရေများ စုန်ဆင်းလာ၍ ရပ်ကွက်နှင့် ကျေးရွာများရှိ မြေနိမ့်ပိုင်းများသို့ မြစ်ရေဝင်ရောက်လျက်ရှိကာ မြေနိမ့်ပိုင်းရှိပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။



**ဘေးလွတ်ရာရွှေ့ပြောင်းပေး**

တောင်ငူမြို့ အမှတ် (၁)၊(၈)၊ (၉)၊ (၁၀)၊ (၁၉)၊ (၂၀)၊ (၂၃) ရပ်ကွက်နှင့် ကျေးရွာများရှိမြေနိမ့်ပိုင်းများ၊ ယိုးဒယားပေါက်အနီး ရန်ကုန်-မန္တလေး လမ်းဟောင်း လမ်းမကြီးပေါ်သို့ စစ်တောင်းမြစ်ရေ ဝင်ရောက်လျက်ရှိသောကြောင့် ရေဘေးသင့်ပြည်သူများအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ငူတပ်နယ်မှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။(အပေါ်ယာပုံ)

တောင်ငူမြို့ပေါ်တွင် ရေဘေးရှောင်စခန်း ၅၁ ခု ဖွင့်လှစ်ထားရှိပြီး တောင်ငူခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်၍ အဆိုပါ ရေဘေးရှောင်စခန်း ၅၁ ခုတွင် ဆန်၊ဆီ၊ ကြက်ဥ၊ သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ဆောင်ရွက်ပေးထားလျက်ရှိသည်။

**လာရောက်လှူဒါန်းနိုင်**

ထို့အပြင် တောင်ငူခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကွပ်ကဲမှုရုံးကို သာသနာ့ဗိမာန်တော်ကြီး၌ ဖွင့်လှစ်ထားလျက်ရှိကာ ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းနိုင်ပြီး ဖုန်းနံပါတ်-၀၉၅၀၃၂၆၄၆ ကို အရေးပေါ်ဆက်သွယ်ရန်နှင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုးရိမ်ရေအမှတ်ကျော်လွန်**

တောင်ငူမြို့၏ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေအမှတ် ၆၀၀ အထက်ကျော်လွန်ပြီး အမြင့်ဆုံးရေမှတ် ၈၁၉ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ယနေ့နံနက် ၉ နာရီက ၈၀၉ စင်တီမီတာသို့ ကျဆင်းလာကြောင်း ခရိုင်မိုးလေဝသနှင့် ဇလဗေဒဉ္ဇန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## ကြို့ပင်ကောက်မြို့၌ ရေကြီးရေလျှံမှုကြောင့် ကျောင်းခြောက်ကျောင်း ယာယီပိတ်ထားရ

**ကြို့ပင်ကောက် စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် တောင်ကျချောင်းများမှ ရေလျှံတက်မှုတို့ကြောင့် အခြေခံပညာကျောင်း ခြောက်ကျောင်းကို စက်တင်ဘာ ၁၄ ရက်မှစ၍ ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကြို့ပင်ကောက် မြို့နယ်အတွင်းရှိ အ-မ-က-တောင်ဘန်းဘွေးကုန်း၊ အ-မ-က-တူးကံ၊ အ-မ-က-အောင်ချမ်းသာ(၁)၊ အ-မ-က-ဘုဒလက်ကုန်း၊ မူလတန်းလွန် - ဒန့်သလွန်ကွင်း ကျောင်းတို့ကို ယာယီပိတ်ထားရကြောင်း အဆိုပါကျောင်းခြောက်ကျောင်း၌ ကျောင်းသားကျောင်းသူ ၂၆၈ ဦးအား ဆရာ ဆရာမ ၃၉ ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိရာ ရေပြန်လည်ကျဆင်းသွားပါက ကျောင်းပိတ်ရက် တနင်္ဂနွေနေ့တိုင်း အစားပြန်လည်ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**



# စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးဆီသို့

ဒေါက်တာမောင်သင်း

- ❖ စာဖတ်တတ်ပြီးလျှင် စာဖတ်နာသူဘဝထိ ဆက်လက်တက်လှမ်းရပါလိမ့်မည်။ စာဖတ်၍၊ ဖြည့်ဆည်းသက်များလာမှ အသိဉာဏ်ကြွယ်ဝလာကာ ရင့်ကျက်သက်ရလာသည့်လူသား၊ ဉာဏ်ရည်မြင့်သည့် လူသားဖြစ်လာပေ
- ❖ ကမ္ဘာ့နိုင်ငံအသီးသီးတွင် "စာဖတ်တတ်လျှင်ပြီးပြီ"ဟု မှတ်ယူကြကာ ထိုအဆင့်လောက်သာ အကောင်အထည်ဖော်နေကြသည်။ စာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲလုပ်ငန်းဖြစ်သည့် "စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း"ကို ဆောင်ရွက်မှုအားနည်းနေကြောင်း နှစ်စဉ်ကမ္ဘာ့ပညာရေးအစီရင်ခံစာများတွင် တွေ့ရ၊ ကျွန်တော်တို့နိုင်ငံကား အဆိုပါလုပ်ငန်းနှင့် အစဉ်အလာကောင်းရှိခဲ့၏။ စာတတ်မြောက်ပြီးသူများအတွက် "စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်" နှင့် "စာဖတ်ဝိုင်းများ" ဖွဲ့စည်းကာ ဆောင်ရွက်၊ စာကြည့်တိုက်ဖွံ့ဖြိုးအောင်လည်းဆောင်ရွက်ခဲ့

*(ယမန်နေ့မှအဆက်)*

**မြန်မာ့စာတတ်မြောက်မှုအစ မိတ္ထီလာခရိုင်က**

မြန်မာ့စာတတ်မြောက်မှုအစ မိတ္ထီလာက ဆိုတာ သိကြသလားဟုမေးရာ၊ သိပါသည်တဲ့၊ မြန်မာ့စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုသည် ကမ္ဘာ့စာမတတ်သူပပျောက်ရေးဆောင်ရွက်မှုထက် နှစ်နှစ်စောသည်ကို သိပါသလား။ တကယ်တော့ "အ" သုံးလုံးကျေလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာပြည်၌ မိတ္ထီလာက ငါးကြိမ် "ပထမ" ဆွတ်ခူးခဲ့သည်ကိုရော သိကြလားဆိုတော့ အသံတိတ်သွားကြသည်။ တကယ်မသိတာလားဆိုတော့မှ "မသိပါ"တဲ့။

(က) ပထမဆုံး မြန်မာ့"အ"သုံးလုံးကျေ သင်တန်းကို မိတ္ထီလာသားဆရာလောင်း လေးဦးဖြင့် အစပြုခဲ့တာပါ၊ ၁၉၆၄ ခုနှစ်ကပါ။ နောင်နှစ်နှစ်ကြာ ၁၉၆၆ ခုနှစ်ကျမှ စာမတတ်သူပပျောက်ရေးနေ့ကို ယူနက်စကိုက သတ်မှတ်ပြီးဆောင်ရွက်တာပါ။ ဒါကြောင့် မိတ္ထီလာက နိုင်ငံတကာထက် နှစ်နှစ်စောတယ်လို့ ဆိုရပါလိမ့်မည်။ ယင်းလေးဦးမှာ–

(၁) မောင်သန်းရှိန် (အလယ်တန်းဆရာဖြစ် သင်တန်းသား)

(၂) မူလတန်းဆရာဖြစ်သင်တန်းမှ သုံးဦး

(က) မောင်စန်းမောင်

(ခ) မောင်အောင်သန်း

(ဂ) မောင်သိန်းတို့ဖြစ်ကြပါသည်။ အဆိုပါ ဆရာလောင်းလေးဦးသည် မြို့နယ်မှ တာဝန်ရှိသူ လူကြီးများနှင့် တွေ့ဆုံ၍ အစီအစဉ်ကိုရှင်းပြပြီး တာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖ၊ ရပ်မိ၊ ရပ်ဖတို့၏ အကူအညီဖြင့် "သဖန်းစံပြကျေးရွာ"တွင် မြန်မာ နိုင်ငံ၏ "အ"သုံးလုံးကျေ သင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

(ခ) **"အ"သုံးလုံး "မျက်ဖွင့်သင်တန်း"အစ သဖန်းစံပြကျေးရွာက** "မျက်ဖွင့်သင်တန်း"ဆိုသည့် ဝေါဟာရကို တစ်လောက ကွယ်လွန်သွားသည့် ဆရာကြီး ဒေါက်တာသန်းဦး (အတွင်းရေးမှူး၊ အသုံးလုံးကျေ သင်တန်းကြီးကြပ်ညှိနှိုင်းဗဟိုကော်မတီ)က ရှင်းပြခဲ့ပါသည်။ ရှေးယခင်က ပညာရေးလုပ်ငန်းများကို အစိုးရ၏ ပညာရေးဌာနကသာ ဦးစီးဆောင်ရွက်ခဲ့ပြီး ပြည်သူများ ပါဝင်ခြင်းမရှိပေ။ ယခု "သဖန်းစံပြ" ကျေးရွာတွင် ပြုလုပ်သည့် "အ"သုံးလုံးသင်တန်းသည် "ပြည်သူပူးပေါင်းပါဝင်မှု"ဖြင့် အကောင်အထည်ဖော်သည့် လုပ်ငန်းဖြစ်သဖြင့် "တစ်တိုင်းပြည်လုံးရှိပြည်သူများကို ငါတို့လည်းပါဝင်နိုင်ကြောင်း အသိပေးကာ ပြည်သူ့အမြင်ကို ဖွင့်ပေးလိုက်ခြင်းဖြစ်၍ **"မျက်ဖွင့်သင်တန်း"**ဟု သုံးစွဲရခြင်းဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ ထိုမျက်ဖွင့်သင်တန်းတွင် သင်တန်းသား ၂၀၀ ရှိ၍ ဖွင့်ပွဲသို့ ရွာနီးချုပ်စပ်မှ တစ်ထောင်ခန့် တက်ရောက်ခဲ့သည်။

(ဂ) **ဝ၊ ထ၊ က၊ လ၊ သ၊ သင်နည်းသစ်အစ သဖန်းကျေးရွာက** မိတ္ထီလာသားဆရာလောင်း လေးဦး၏ ဆရာမှာ ဦးသံဖျင် ဖြစ်ပါသည်။ ဆရာကြီးက "သက်ကြီးတွေဆိုတာ စားဝတ်နေရေးအတွက် အချိန်ပေးနေရတာ၊ ကလေးတွေလို သမားရိုးကျသင်၍မဖြစ်နိုင်၊ သင်ကြားချိန်ကြာလျှင် အတန်းပျက်နိုင်၏။ ၁၅ မိနစ်အတွင်း "ဝ၊ ထ၊ က၊ လ၊ သ" ဗျည်းငါးလုံးရေးသားနည်းကို အရင်သင်၏။ ပြီးနောက် အသံထွက်ရာတွင်လည်း "ဝ"လုံး အစား "ဝ"ဟုသာ အသံထွက်စေရမည်။ ထို့အတူ ထဆင်ထူးအစား "ထ"ဟု၊ ကကြီးအစား "က"ဟုသာ အသံထွက်စေ၏။ ခဏအတွင်းမှာ ဗျည်းငါးလုံးကို ရေးနိုင်သလို အသံလည်းထွက်တတ်လာ၏။ ပြီးနောက် ထိုငါးလုံးကို ရေးချ (–ာ)သရနှင့်တွဲ၍ ဝါ၊ ထာ၊ ကာ၊ လာ၊ သာဟုရေးတတ်လာသည်။ ပြီးလျှင် တစ်ဆင့်တက်ကာ အား(–ား)သရနှင့် တွဲရေးတတ်၊ အသံထွက်ဖတ်စေရပါမည်။ ထိုအခါ ဝါး၊ ထား၊ ကား၊ လား၊ သား စသည်ဖြင့် ရေးတတ်လာသည်။ ယင်းနောက် စကားလုံးဖြစ်အောင်

လသာသာ

က သလား

ဝ သလား

သားသားထ . . . စသည်ဖြင့် နေ့ချင်းဖတ်နိုင်အောင် သင်ပေးကြသည်။ နေ့စဉ် တစ်နာရီသင်၊ တစ်နာရီလေ့ကျင့်၍ နာရီ ၈၀ သင်ကြား၏။ ဆရာလောင်းလေးဦးက တစ်လသင်ပြီးသောအခါ လူ ၁၀၀ ခန့် စာရေးတတ်၊ ဖတ်တတ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

(ဃ) **ပထမဆုံး စာတတ်မြောက်မှုစစ်တမ်းအစ မိတ္ထီလာက** နိုင်ငံတစ်ဝန်းလုံးတွင် "အ" သုံးလုံးကျေသင်တန်း အောင်မြင်ရန်အတွက် စာတတ်မြောက်မှုစစ်တမ်းကို ၁၉၆၉ ခုနှစ်တွင် ကောက်ယူခဲ့ပါသည်။ ကောက်ယူရာတွင် အသက် ၁၀ နှစ်အောက်နှင့် ၁၀ နှစ်အထက်ဟူ၍ အသက်ခွဲခြားကာ

(က) ဗျည်း(၃၃)လုံးရေးတတ်ဖတ်တတ်သူများ

(ခ) ဗျည်း (၃၃)လုံးနှင့် သရ(၁၂)လုံးရေးတတ်ဖတ်တတ်သူများ

(ဂ) စာလုံးဝမရေးတတ်၊ မဖတ်တတ်သူများ ဟူ၍ဖြစ်ပါသည်။ ဤသို့ကောက်ယူမှုကို အခြေခံ၍ သင်တန်းဖွင့်လှစ်ရာတွင် (က)(ခ)(ဂ)အုပ်စုခွဲ၍ သင်ကြားပေးနိုင်သဖြင့် "စာတတ်မြောက်မှုနှုန်း" လျင်မြန်ခဲ့သည်။ ၁၉၅၃–၅၄ သန်းခေါင်စာရင်းအရ မိတ္ထီလာခရိုင်တွင် စာမတတ်သူ ၃၆ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှ နောင် ၁၀ နှစ်ကျော် ယခုစစ်တမ်းတွင် ၄၇ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာပြီး ထိုအထဲတွင် ငါးနှစ်နှင့် ၁၀ နှစ်ကြားအရွယ် စာမတတ်သူများမှာ ၇၅ ဒသမ ၃၉ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် အလွန်စိုးရိမ်ရသည့် အခြေအနေဖြစ်ကြောင်း တာဝန်ရှိသူများ သတိပြုမိကြသည်။ ထိုအချက်များကြောင့် စာမတတ်သူပပျောက်ရေး ရှေ့ပြေးစမ်းသပ်ခရိုင်အဖြစ် မိတ္ထီလာခရိုင်ကို ရွေးချယ်ခဲ့သည်။

(င) **ပထမဆုံး ခရိုင်လုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲအစ မိတ္ထီလာခရိုင်က**

စမ်းသပ်ခရိုင် မိတ္ထီလာတွင် နှစ်လုံးပေါက် "အ"သုံးလုံးကျေ အခြေစိုက်စခန်းများ ကြပ်မတ်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ခရိုင်လုံးကျွတ်စာတတ်မြောက်ခဲ့သည်။ ၁၉၇၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ခရိုင်လုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲကို မိတ္ထီလာမြို့နယ် "ညောင်ကိုင်းကျေးရွာ"တွင် ကျင်းပနိုင်ခဲ့သည်။ ခရိုင်အတွင်းရှိ ကျေးရွာများမှ လူထုရှစ်သောင်းခန့် တက်ရောက်ခဲ့သည်။

ညောင်ကိုင်းရွာမှအောင်ပွဲသည် ရပ်တန့်မသွားခဲ့ပေ၊ နှစ်လကျော်အကြာတွင် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ခရီးဆက်ခဲ့သည်။ မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် ယူနက်စကိုက ချီးမြှင့်သော "မိုဟာမတ်ရေဇာပါလဗီ" ဆုကို အတွင်းရေးမှူး ဦးသန်းဦးက သွားရောက်ယူခဲ့သည်။ ယင်းနောက် ၂၈၇ မြို့နယ်အထိ တိုးချဲ့ခဲ့ရာ ၁၉၈၈ ခုနှစ်ရောက်သောအခါ စာတတ်မြောက်သူ ၉၂ ရာခိုင်နှုန်းရှိခဲ့သည်။ စစ်ပြီးခေတ် ၃၅ ရာခိုင်နှုန်းခန့် ရှိခဲ့ရာမှ နှစ် ၄၀ အကြာ ၉၂ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ မိတ္ထီလာသား ဆရာလေးဦးမှအစပြုခဲ့သော စာတတ်မြောက်ရေးလှုပ်ရှားမှုကြောင့် မြန်မာနိုင်ငံသည် အာရှနှင့်ပစိဖိတ်ဒေသတွင် စာတတ်မြောက်မှုနှုန်းမြင့်မားသည့် (က)အုပ်စုဝင်နိုင်ငံ ဖြစ်လာသည်။

ကျောင်းသူ ကျောင်းသားများကို တို့မိတ္ထီလာရဲ့ ပထမငါးကြိမ်ရသည့် အကြောင်းတွေရော သိကြသလားဟုမေးရာ၊ မဖြေကြပေ၊ သို့ဖြစ်၍ ကျွန်တော်ကရော မိတ္ထီလာသားမဟုတ်ဘဲနဲ့ ဘာလို့သိသလဲဆိုတော့ "စာဖတ်လို့" ပါတဲ့။ ကိုယ့်နယ်၊ ကိုယ့်ဒေသအကြောင်း တခြားဒေသက လူကသိတာရော၊ ဘာကြောင့်ပါလဲ "စာဖတ်လို့ပါ"ပဲတဲ့၊ သူများပြောမှ ကိုယ့်အကြောင်းသိတာထက်၊ ကိုယ့်ဘာသာကိုယ် ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသအကြောင်း သိနေအောင် စာများများဖတ်ပေးကြပါ။

**စာတတ်မြောက်မှုမှသည် စာဖတ်ရှိန်မြှင့်မားရေးဆီသို့**

တကယ်တော့ "အသုံးလုံးကျေသင်တန်း"သည် စာတတ်ရန်သင်ပေးရုံသက်သက် အဆင့်တွင် အဆုံးမသတ်သေးပါ။ ထိုစဉ်က စာကိုစတင်တတ်မြောက်သူများသည် အသက်ကြီးသူများဖြစ်၍ စာကိုဖတ်တတ်ရုံတတ်ပြီး ဆက်လက်မဖတ်ကြဘဲ နေသွားကြလျှင် မေ့သွားပြီး **"စာမတတ်သူများဘဝ ပြန်လည်၍ ရောက်ရှိသွားနိုင်သည်"** ဟူသောအချက်ကို ကြိုတင်မြင်ခဲ့ကြပါသည်။ သို့ဖြစ်၍ "အ"သုံးလုံးသင်တန်းပြီးလျှင် **"စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်း"**ကို ဆက်လက်အကောင်အထည်ဖော်ခဲ့ကြပါသည်။ ထို့အတွက် စာဖတ်ဝိုင်းများ ဖွဲ့စည်းစာဖတ်စေခဲ့ပါသည်။ သက်ကြီးစာတတ်သူများအတွက်လည်း သက်ကြီးဖတ်စာများ၊ စာပဒေသာများနှင့် လုံးချင်းစာစဉ် ထုတ်ဝေပေးခဲ့ပါသည်။ ဤကဲ့သို့ ထုတ်ဝေနိုင်မှုကြောင့် ၁၉၈၄ ခုနှစ်တွင် ယူနက်စကိုမှပင် မြန်မာနိုင်ငံအား "နိုမာဆု" (The Norma Prize) ကို ထပ်မံချီးမြှင့်ခြင်းခံရပါသည်။

အဆိုပါ အသုံးလုံးကျေသင်တန်းမှ စာပေတတ်မြောက်သွားသူများသည် စာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲလုပ်ငန်းဖြစ်သည့် "စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း" ကြောင့် စာဖတ်ဝါသနာပါလာကြကာ စာများများဖတ်ရာမှ အမြင်ကျယ်လာသဖြင့် မိသားစုစီးပွားရေးကို ပိုမိုချဲ့ထွင်လာနိုင်ကြောင်းနှင့် ရပ်ရေးရွာရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပိုမိုပါဝင်လှုပ်ရှားလာနိုင်ကြောင်း "အ"သုံးလုံး သင်တန်းဆင်းများအား လေ့လာချက်စာတမ်းတစ်ခုတွင် တွေ့ရှိရပေသည်။

**စာမတတ်သူပပျောက်ရေးမှသည်**
**စာမဖတ်သူများလုံးဝပပျောက်ရေးသို့**

ကျွန်တော်သည် ကျောင်းသား ကျောင်းသူများအား ဒါဆိုရင် မြန်မာ့စာမတတ်သူပပျောက်ရေးအစ မိတ္ထီလာကလို့ ဆိုခဲ့ပြီးပြီ။ ဘာလို့အောင်မြင်ခဲ့သလဲသိလား၊ မဖြေကြပါ။ မိတ္ထီလာနယ်သူ နယ်သားတွေရဲ့ လူတိုင်းစာတတ်စေချင်တဲ့ စေတနာကြောင့် "အ"သုံးလုံးကျေသင်တန်းမှာ ပူးပေါင်းပါဝင်လို့ပါ၊ နိုင်ငံတော်ကတော့ "**ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်မှု**"တဲ့၊ မိတ္ထီလာခရိုင်ကို ၁၉၆၉ ခုနှစ်တွင် စာတတ်မြောက်မှု စစ်တမ်းကောက်ယူရန် ရွေးချယ်ရတဲ့အကြောင်းရင်းထဲမှာလည်း ၁၉၆၄ ခုနှစ်က ဆရာလေးဦးဖြင့် စတင်ဖွင့်လှစ်ပြီး တစ်လအတွင်းမှာ လူ ၁၀၀ စာတတ်မြောက်ရတဲ့အကြောင်းရင်းက "ဒေသခံတွေရဲ့ ထက်သန်တဲ့အားပေးမှုနှင့် ပူးပေါင်းပါဝင်လို့"တဲ့။ "ကိုယ့်ဒေသသားတွေ စာတတ်စေချင်၍ ထိုလာသားတွေ ပူးပေါင်းခဲ့လို့"တဲ့။

အဲဒီဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်အကောင်အထည်ဖော်မှုနည်းဟာ မိတ္ထီလာမှ သည် ကမ္ဘာပတ်ခဲ့တာရော သိကြရဲ့လားဆိုတော့ မဖြေကြပါ။ စာတတ်မြောက်ရေးမှာ ထိုလာသားတွေ ပူးပေါင်းပါဝင်မှုကို ပြလိုက်တော့ အစိုးရ၏ လုပ်ဆောင်ချက်အောင်မြင်ချင်လျှင် "ပြည်သူပူးပေါင်းပါဝင်မှု" (Social mobilization) သည် အဓိကဆိုတာ သတိပြုမိပြီး တစ်တိုင်းပြည်လုံး ဒီနည်းသုံးပြီး အကောင်အထည်ဖော်လိုက်တာ ၁၉၈၈ မှာ ၂၈၇ မြို့နယ်လုံးကျွတ် (တစ်တိုင်းပြည်လုံး ၉၂ ရာခိုင်နှုန်းကျော်) စာတတ်မြောက်ခဲ့လို့ အာရှပစိဖိတ်ဒေသမှာ စာတတ်မြောက်မှုအမြင့်ဆုံး

*စာမျက်နှာ ၁၇ သို့*

# ရွှေဆံတော်ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄၁၀)ဧကရှိသော နယ်မြေကို **"ရွှေဆံတော်ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၈၁/၂၀၂၄)အရ ၁၃၈၆ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော ဝမ်းတွင်းမြို့၏ ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

ရွှေဆံတော်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အပူပိုင်းဒေသ၏ ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် သန်း၊ ဒဟတ်၊ ရှား၊ ထနောင်း၊ တမာ၊ ဆူးဖြူ စသည့်သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်းသုံး သစ်၊ ထင်း၊ ဝါးနှင့် အခြား အပူပိုင်းဒေသထွက် သစ်တောထွက်ပစ္စည်းများ ပိုမိုရရှိနိုင်ခြင်း၊ အရိပ်နှင့်နားခိုရာနေရာများ တိုးပွားလာစေခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ငုံး၊ ယုန် စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ ရေတိုက်စားမှု၊ လေတိုက်စားမှုများမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ပိုမိုကောင်းမွန်မျှတလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည်။



ရွှေဆံတော်ကြိုးပြင်ကာကွယ်တော။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ဦးခရိုင်ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁၃ ရက်က ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ စုပေါင်း သွေးလှူဒါန်းစဉ်။

ဒီပါလင်း



---

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမာရွတ်မြို့နယ် အမှတ်(၉)အခြေခံပညာကျောင်း၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်နိုင်၊ ကမာရွတ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၄ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



---

*စာမျက်နှာ ၁၆ မှ*

(က)အဆင့်ရခဲ့တာကို ပြောခဲ့ပြီးပါပြီ။ အဲဒီ "ပြည်သူလူထု ပူးပေါင်းပါဝင်မှု" နည်းလမ်းကို ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာညီညီ (ယခင်က အသုံးလုံးသင်တန်းကြီးကြပ်ညှိနှိုင်းမှုဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ)က "တစ်နှစ်အောက် ကမ္ဘာ့ကလေးများ ကာကွယ်ဆေးထိုးလုပ်ငန်းမှာ" အသုံးချခဲ့သည်။

ထိုနည်းကိုသုံး၍ ၁၉၈၄ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ် ရောက်သောအခါ "တစ်နှစ်အောက် ကမ္ဘာ့ကလေးများ ၈၀ ရာခိုင်နှုန်းကျော် ကာကွယ်ဆေး ခြောက်မျိုး ထိုးနိုင်ခဲ့သည်၊ ၁၉၈၄ ခုနှစ်မတိုင်မီက တစ်နှစ်အောက်ကလေးများ ကမ္ဘာတစ်လွှားတွင် ၁၅ ရာခိုင်နှုန်းသာ ကာကွယ်ဆေးထိုးနိုင်သဖြင့် အသေအပျောက်နှုန်း များခဲ့သည်။ ကမ္ဘာ့ကလေးများ အသက်ရှင်နှုန်း မြင့်တက်လာခဲ့သည်။ ထီလာမြေတွင် ထီလာသားဆရာလောင်း လေးဦးဖြင့် သူတို့ဆရာ၊ ပညာရေးအထူးအရာရှိ ဦးသံဗျင်မြေစမ်းခရမ်းပျိုးအောင်မြင်မှု၏ အသီးအပွင့်ကြောင့် မြန်မာ့စာတတ်မြောက်မှုနှုန်း မြင့်မားလာခဲ့ရုံသာမဟုတ်၊ ကမ္ဘာ့ကလေးများ၏ အသက်ရှင်နှုန်းပါ မြင့်တက်စေမှုကိုလည်း စွမ်းဆောင်ခဲ့ပေသည်။

ကျွန်တော်က မြန်မာပြည်မှာ အသုံးလုံးကျေသင်တန်းတုန်းက ပထမငါးကြိမ်ရခဲ့သည့် လုပ်ငန်းထဲမှ **"မြန်မာ့စာမတတ်သူ ပပျောက်ရေးအစ မိတ္ထီလာက"**ကို တို့ရဲ့မိတ္ထီလာသား လူကြီးတွေက သူတို့ခေတ်၊ သူတို့အခါမှာ ခေတ်ကပေးအပ်လာတဲ့ သမိုင်းပေးတာဝန်ကို ကျေခဲ့ပြီးပါပြီ၊ ကမ္ဘာသိအောင် သမိုင်းမော်ကွန်းလည်းထိုးခဲ့ကြပြီးပြီ။ အခုမောင်တို့ မယ်တို့ ခေတ်မှာရော မော်ကွန်းမထိုးချင်ကြဘူးလားဟုမေးရာ "မော်ကွန်းထိုးချင်ကြပါတယ်"တဲ့။ ဒါဆို "အ" သုံးလုံးရဲ့အဆက်လည်းဖြစ်ပြီး "စာဖတ်ရှိန်မြှင့်တင်ရေး" အလုပ်ဖြစ်သည့် "စာမဖတ်သူ၊ ပပျောက်ရေးအစ၊ မိတ္ထီလာက"လို့ ဖြစ်သွားအောင် "ပိုသာ ပိုတော်သည့် နောက်မျိုးဆက်တွေအဖြစ်" သမိုင်းဆက်ရေးကြမလားဟုမေးရာ ရေးကြပါမည်ဟု ဖြေပါသည်။ ထီလာသားများ သမိုင်း ငါတို့ခေတ်ကြမှ မရိုင်းရလေအောင် ဆက်ရေးကြမယ်၊ အောင်မြင်အောင် လုပ်ကြမလားဟုမေးရာ "လုပ်ပါမည်"ဟု အော်ဖြေကြပါသည်။

**စာဖတ်ရှိန်မြှင့်တင်ရေးဆိုတာ စာတတ်မြောက်ရေး၏ နောက်ဆက်တွဲလုပ်ငန်းပါ**

တကယ်တော့ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်မှုသည် "စာတတ်မြောက်ရေး လုပ်ငန်း၏ နောက်ဆက်တွဲလုပ်ငန်းဖြစ်ကြောင်း ရှေ့တွင်ဖော်ပြခဲ့ပါသည်။ ဤသည်ကို နိုင်ငံတော်အကြီးအကဲများက သိ၍ အကောင်အထည်ဖော်နေခြင်းဖြစ်ပါသည်။ လူသားသည် "စာတတ်"ရုံဖြင့် မပြီးသေးပါ။ စာတတ်တာပြီးနောက် ဆက်လက်လေ့လာဆည်းပူးရန်၊ လူသားပီသစွာ "ဖြည့်ဆည်းသက်"၊ "ရင့်ကျက်သက်" တို့ဖြင့် တိရစ္ဆာန်နှင့်မတူအောင်၊ ကွဲပြားခြားနားစွာ အသက်ရှင်နိုင်ရန် **"တစ်သက်တာစာဖတ်ခြင်းအလုပ်"** ကို လုပ်နေရပါမည်။

သို့မှသာ ယခု ၂၀၂၄ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် **"အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားမျိုးစုံပညာရေးကို မြှင့်တင်စို့"** တွင် ပါဝင်သည့် "အပြန်အလှန်နားလည်မှု" ဆိုသည်ကို "စာဖတ်တတ်ရုံအဆင့်" ဖြင့် မရနိုင်သေးကြောင်း၊ စာဖတ်တတ်ပြီးလျှင် စာဖတ်နာသူဘဝထိ ဆက်လက်တက်လှမ်းရပါလိမ့်မည်။ စာဖတ်၍ ဖြည့်ဆည်းသက်များလာမှ အသိဉာဏ်ကြွယ်ဝလာကာ ရင့်ကျက်သက်ရလာသည့် လူသား၊ ဉာဏ်ရည်မြင့်သည့်လူသား ဖြစ်လာပေလိမ့်မည်၊ သို့မှသာ သူ့ဘက်၊ ကိုယ့်ဘက် ကြည့်တတ်၊ မြင်တတ်၊ တွေးတတ်၊ စာနာတတ်ပြီး၊ ကိုယ်ချင်းစာနာတတ်သူဖြစ်လာကြမှာ၊ ထိုသို့ရင့်ကျက်သက်ကို ပိုင်ဆိုင်သည့်လူသားသည် "ငြိမ်းချမ်းမှုကို မြတ်နိုးခုံမင်စောင့်ရှောက်သူဖြစ်လာပေမည်၊ ငြိမ်းချမ်းရေးကို မြတ်နိုးသည့် လူ့အဖွဲ့အစည်းတွင် ဖွံ့ဖြိုးမှု၊ တိုးတက်မှုတို့သည်လည်း ကျွဲကူးရေပါဆိုသလို ပေါ်ထွန်းလာပါလိမ့်မည်။

သို့ဖြစ်၍ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းအမြဲရှိနေရန် စာဖတ်တတ်ဖို့ အခြေခံအကျဆုံးဖြစ်ပြီး ဆက်လက်၍ မိမိကိုယ်ကို ဖြည့်ဆည်းသည့် စာဖတ်နာပြီး "ရင့်ကျက်သက်ရှိလာမှု"က ပဓာနကျကာ လူသားတစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်နားလည်မှုကို ဖြစ်ထွန်းစေပါသည်။ ဤသို့ဆိုလျှင် လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်း၊ နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးလာပါလိမ့်မည်။ ဤသည်ကို ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်(ငြိမ်း) ဦးသန့်က **"စာဖတ်သည့်လူမျိုးသည် တိုးတက်၍၊ တိုးတက်သောလူမျိုးတိုင်းသည် စာဖတ်ကြသည်"** နှင့် **"စာဖတ်တာ အမြင့်ကို ပျံသန်းချင်လို့ တောင်ပံတပ်တာပါ"**တဲ့။ စာမတတ်၊ ပေမတတ်ဘဲ အမြင့်ကို တက်ချင်၍မရပါ၊ စာတတ်ပေတတ်၊ စာဖတ်မှုကို ဝါသနာထုံကြပြီး အပြန်အလှန်နားလည်နိုင်ကြ၊ ငြိမ်းချမ်းမှုကို မြတ်နိုးကြဟု ဦးသန့်က တိုက်တွန်းခဲ့ဟန် တူပေသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် "စာဖတ်တတ်လျှင်ပြီးပြီ" ဟု မှတ်ယူကြကာ ထိုအဆင့်လောက်သာ အကောင်အထည်ဖော်နေကြသည်။ စာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲလုပ်ငန်းဖြစ်သည့် "စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း"ကို ဆောင်ရွက်မှုအားနည်းနေကြောင်း နှစ်စဉ်ကမ္ဘာ့ပညာရေးအစီရင်ခံစာများတွင် တွေ့ရပေသည်။ ကျွန်တော်တို့နိုင်ငံကား အဆိုပါလုပ်ငန်းနှင့် အစဉ်အလာကောင်းရှိခဲ့၏။ စာတတ်မြောက်ပြီးသူများအတွက် "စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်" နှင့် "စာဖတ်ဝိုင်းများ" ဖွဲ့စည်းကာ ဆောင်ရွက်ခဲ့ပါသည်။ စာကြည့်တိုက်ဖွံ့ဖြိုးအောင်လည်း ဆောင်ရွက်ခဲ့ပေသည်။

သို့အတွက် ၁၉၈၄ ခုနှစ်တွင် ယူနက်စကိုက ချီးမြှင့်သည့် "နိုမာဆု" ပင် ထပ်မံရရှိခဲ့သေးသည်။ ထိုကောင်းမြတ်သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသည့် လုပ်ငန်းအဖြစ် ယနေ့ "စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း" ကိုလည်း အရှိန်အဟုန်ဖြင့် နိုင်ငံအနှံ့ ဆောင်ရွက်နေပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် "ပြည်သူလူထုပူးပေါင်းပါဝင်မှု" "Social Mobilization" နည်းလမ်းကိုသုံး၍ "စမ်းသပ်ခရိုင်"မှသည် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားလျှင် "နိုင်ငံသားအားလုံး စာတတ်သူဘဝမှ စာမဖတ်သူလည်း ပပျောက်သည့် နိုင်ငံဘဝကို ရောက်ရှိနိုင်မည်ဟု မြင်မိပါသည်။

ထိုအခါ ပညာတတ်နိုင်ငံတော်ဘဝ (Educated Nation) သို့ ရောက်ရှိပြီး နိုင်ငံသည်လည်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ကျွဲကူးရေပါ ရောက်ရှိပါလိမ့်မည်ဟု ယုံကြည်ပါကြောင်းနှင့် ယနေ့ နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော "စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်သည် **"စာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်နေခြင်းသာဖြစ်ကြောင်း"** ပြည်သူများ သတိပြုစေ မြင်စေချင်ပါသည်။

ထို့အတူ မြန်မာ့အသုံးလုံးမှသည် ကမ္ဘာ့ကလေးများ အသက်ရှင်သန်ရေးအထိ ကမ္ဘာပတ်ခဲ့သော မြန်မာ့မူရင်း "ပြည်သူလူထု ပူးပေါင်းပါဝင်မှုနည်းလမ်း" အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသည့် အနေဖြင့် နိုင်ငံ့အရေးပေမို့ နိုင်ငံသားများ မနေးပူးပေါင်းပါဝင်စေလို၍ ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့် ဆရာကြီး ဒေါက်တာဦးသန်းဦး ပြောခဲ့သည့် "မျက်ဖွင့်သင်တန်း"ကို အတုယူ၍ ပြည်သူသို့ **"မျက်ဖွင့်ရေးသားမှု"**ကိုပြုကာ ဆော်ဩလိုက်ရပါသည်။ ။

# တိုင်းရောမြို့လေးမြို့က အထင်ကရဘုရားတွေကို နေ့ချင်းပြန် ဖူးမြော်ကြမယ်



**ယဥ်လာဒ်**

ရန်ကုန်မြို့နဲ့လည်းမဝေးလှဘဲ နေ့ချင်းပြန်ဖူးမြော်လို့ရနိုင်တဲ့ ရန်ကုန်နဲ့တိုင်းရောက မြို့လေးမြို့ဆီက အထင်ကရဘုရားတွေကို သွားရောက်ဖူးမြော်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ပါတယ်။

ပိတ်ရက်တွေမှာ မြို့ရွာတွေရဲ့ သမိုင်းဝင် ဘုရားတွေကို ဖူးမြော်ကြရင်း စိတ်လည်းအပန်းဖြေ၊ ကုသိုလ်လည်းရ၊ နေ့ချင်းပြန်လည်း သွားလို့ရတဲ့ခရီးစဉ်တွေ ဖြစ်ပါတယ်။ မြို့တစ်မြို့စီတိုင်းရဲ့ တည်ရှိနေတဲ့ သမိုင်းကြောင်းလေးတွေကလည်း စိတ်ဝင်စားစရာ ကောင်းလှပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းက တွံတေးမြို့နဲ့ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ် မြို့တွေဆီကို နေ့ချင်းပြန်ဘုရားဖူးနဲ့ လေ့လာရေးခရီးစဉ်ကို စာရေးသူလိုက်ပါ သွားရောက်ခဲ့ပါတယ်။

"ပထဆုံးခရီးစဉ်ဖြစ်တဲ့ ဒီလေ့လာရေးခရီးစဉ်ကို ၃၃ ယောက်စီး ကားငါးစီးနဲ့ ကားသေးတစ်စီးအပါအဝင် ခရီးသည်ပေါင်း ၁၇၀ ကျော် လိုက်ပါခဲ့ကြပါတယ်။ နေ့ချင်းပြန် သွားလို့ရပေမယ့်လည်း မရောက်ဖြစ်ကြသေးတဲ့ ဘုရားဖူးခရီးစဉ်နေရာတွေကို သွားရောက်ခဲ့ကြပါတယ်။ ဒီလိုမျိုးခရီးစဉ်တွေကို သုံးလတစ်ကြိမ်လောက် ဖော်ဆောင်သွားဖို့ ရှိပါတယ်"လို့ ပြည်တွင်းဘုရားဖူးနဲ့ ခရီးသွားဝန်ဆောင်မှုအသင်း (DPTOA) က တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးသိန်းကျော်က ပြောပြပါတယ်။

### ယဉ်ကျေးမှုအမွေတွေ ဖုံးလွှမ်းနေတဲ့ ဂဝံမြို့

ရှေးဟောင်း ယဉ်ကျေးမှုအမွေတွေ ဖုံးလွှမ်းနေတဲ့ ဂဝံမြို့ငယ်လေးလို့ ခေါ်ဆိုကြတဲ့ တွံတေးမြို့လေးအကြောင်းကလည်း စိတ်ဝင်စားစရာကောင်းလှပါတယ်။ တဖုသနဲ့ ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးမွေးဖွားရာ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သလို ကုန်သည်ညီနောင်နှစ်ဦး တည်ထားကိုးကွယ်ထားတဲ့ ကျိုက်ကေသ ဆံတော်ကြိုစေတီတော်မြတ်ကြီးနှင့် ကျိုက်ဖူး – ကျိုက်ပါစေတီ၊ ဆံတော်ခြောက်ဆူ ကိန်းဝပ်စံပယ်တော်မူတဲ့ ရွှေဆံတော်ဘုရားကြီး၊ အနိရုဒ္ဓအမည်ရှိတဲ့ အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့တဲ့ အရေးကြုံက မောင်းတီးပြီးတ ဆိုတဲ့ ရှေးခေတ်ဘုရင်တွေကိုယ်တိုင် ဆုတောင်းအဓိဋ္ဌာန်ပြုကြတဲ့ မောင်းတီးစေတီကိုသာမက ဗောင်းတော်ချုပ်ဆရာတော်ကြီး တည်ထားကိုးကွယ်ခဲ့တဲ့ စေတီသတ္တဋ္ဌာနတွေကိုလည်း ဖူးမြော်



နိုင်ပါတယ်။

### ကျိုက်ဖူး – ကျိုက်ပါစေတီ

တဖုသနဲ့ ဘလ္လိက ကုန်သည်ညီနောင်တည်ထားခဲ့တဲ့ ကျိုက်ဖူး–ကျိုက်ပါစေတီဟာ ခေတ်အဆက်ဆက် ပြုပြင်တည်ထားခဲ့တာမို့ ပျက်စီးတိမ်မြုပ်ခဲ့တဲ့အတွက် ကျိုက်ဖူး – ကျိုက်ပါစေတီကို သထုံပြည့်ရှင် မနူဟာမင်းကြီးရဲ့ သမီးတော်တစ်ပါးဖြစ်တဲ့ မွန်မင်းသမီးကြခတ်ရမင်းသမီးကလည်း ဆက်လက်ပြုပြင်တည်ထားခဲ့ပါတယ်။ ဒါကြောင့်မို့ တွံတေးမြို့ဟာဆိုရင် သမိုင်းကြောင်းတွေနဲ့ ဆက်စပ်တည်ရှိနေတဲ့ သမိုင်းဝင်နေရာတွေဖြစ်သလို ဒါ့ပြင် ကြည်ညိုဖွယ်ရာကောင်းလှတဲ့ ဗုဒ္ဓတစ်ထောင်ဘုရားတွေကိုလည်း ဖူးမြော်နိုင်ပါသေးတယ်။

### ဖြယ်မြို့လို့ ခေါ်တွင်တဲ့ ဒေးဒရဲမြို့မှာ

ဓမ္မစေတီမင်းကြီးရဲ့ မြေးတော်ဖြစ်တဲ့ ဟံသာဝတီမင်းဆက် ၁၁ ဆက်မြောက် သုရှင်တကာရွက်ပိ ဘုရင်ရဲ့ မိဖုရားကြီး တြိလဗြဲသမ္မီတလံပရော်သမီး တည်ထားကိုးကွယ်ခဲ့တဲ့ ကျိုက်ဒေးယုံဘုရားကြီးက ဒေးဒရဲမြို့ရဲ့ ထင်ရှားကျော်ကြားလှတဲ့ ဘုရားဖြစ်ပါတယ်။ ဒါ့ပြင် သုရှင်တကာရွက်ပိဘုရင်ရဲ့ မိဖုရားကြီးက ဒေးဒရဲမြို့ ကျုံကြပ်ရွာမှာ ကျိုက်ဒေးမွန်စေတီနဲ့ မရမ်းဝရွာမှာ ကျိုက်ဒေးအပ်စေတီတို့ကို ဆက်လက်တည်ထားကိုးကွယ်ခဲ့ပါသေးတယ်။

ဒါ့ပြင် ဖျာပုံမြို့ရဲ့အထင်ကရဘုရားတစ်ဆူဖြစ်တဲ့ ပြည်လုံးချမ်းသာ (သာစည်) သမိုင်းဝင်ဆုတောင်းပြည့်ဘုရားကြီးကလည်း ထင်ရှားလှပါတယ်။ မြန်မာသက္ကရာဇ် ၁၂၄၉ ခုနှစ်မှာ သာစည်ရွာသား ဦးလူငယ်နှင့် ဦးညွှင်းတို့က တည်ထားကိုးကွယ်ခဲ့တာ ဖြစ်ပါတယ်။ နှစ်ပေါင်း ၁၃၀ ကျော် တည်ရှိခဲ့တဲ့ သမိုင်းဝင်ဆုတောင်းပြည့် (သာစည်) ဘုရားဖြစ်ပါတယ်။ အဓိဋ္ဌာန်ပြုပြီး ဆုတောင်းတာတွေပြည့်လို့ ရန်ကုန်မြို့ကနေ ဖျာပုံမြို့ကို လာရောက်ပြီး သာစည်ဘုရားကြီးကို ဖူးမြော်ကြတဲ့ ဘုရားဖူးဧည့်သည်တွေလည်း များစွာရှိပါတယ်။ ကြည်ညိုဖွယ်ရာကောင်းလှတဲ့ ဘုရားကြီးဖြစ်ပြီး လာရောက်တဲ့ ဘုရားဖူးဧည့်သည်တွေအနေနဲ့ ဘုရားဖူးရင်း ငါးစာကျွေးလို့ရအောင် စီစဉ်ပေးထားတာလည်း တွေ့မြင်ရပါတယ်။ ဒါ့ပြင် ဘုရားပွဲတစ်ပွဲ ငွေကျပ် ၁၀၀၀၀ နဲ့ နဂါးပွဲတစ်ပွဲ ငွေကျပ် ၈၀၀၀ နဲ့လည်း ကပ်လှူပူဇော်နိုင်ပါသေးတယ်။

### မဟာအတုလမြတ်မုနိ ရုပ်တော်မှုဘုရားကြီးဆီ

အဲဒီနောက်မှာ ကျိုက်လတ်မြို့မှာရှိတဲ့ မဟာအတုလမြတ်မုနိရုပ်တော်မူ ဘုရားကြီးဆီ သွားရောက်ဖူးမြော်ခဲ့ကြပါတယ်။ ကြည်ညိုဖွယ်ရာကောင်းလှပြီး ထူးခြားလှတဲ့ဘုရားကြီးမို့ တချို့ဘုရားဖူးဧည့်သည်တွေက ရေဆန်ကျွန်းဘုရားလို့လည်း ခေါ်တွင်ကြပါတယ်။ ဘုရားကြီးရဲ့ သမိုင်းကြောင်းကလည်း စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ကျိုက်လတ်မြို့ရဲ့ ချောင်းငယ်လေးထဲ ကျွန်းလုံးကြီးရောက်ရှိလာပြီး ဒီကျွန်းလုံးကြီးကို ဒေသခံရွာသူ ရွာသားတွေက သုံးကြိမ်တိုင်တိုင် တွန်းထုတ်ခဲ့ပေမယ့် ရေဆန်ပြီး ပြန်လည်တက်လာတာမို့ ရေဆန်မျောလာတဲ့ ကျွန်းလုံးကြီးကို ဦးကံထူးနဲ့ ဦးကြာဖူးတို့က ရွာသူ ရွာသားများနဲ့တိုင်ပင်ကာ ဘုရားဆင်းတုတော် ထုလုပ်ဖို့ အပ်နှံခဲ့ကြပါတယ်။ ဒါကြောင့် မန္တလေးမြို့က ပန်းပုဆရာကြီး နူတ်ခမ်းတွဲ ဦးလွန်းနဲ့ သူ့ရဲ့တပည့်တို့က ၁၄ ပေ သုံးလက်မရှိတဲ့ တစ်လုံးတည်းသော ကျွန်းသစ်ကြီးကို လေးနှစ်ကြာထုဆစ်ပြီး ကောဇာသက္ကရာဇ် ၁၂၆၂ ခုနှစ်မှာ ဉာဏ်တော် ၁၈ တောင် ၂၇ ပေ အမြင့်ဆောင်တဲ့ ရုပ်တော်မူဘုရားကြီးအဖြစ် တည်ထားကိုးကွယ်ခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၁၀၀ ရှိပြီ ဖြစ်ပါတယ်။ ဘုရားဖူးပြည်သူတွေ ကြားထဲမှာတော့ ကျိုက်လတ်မြို့က ရေဆန်ကျွန်းဘုရားလို့ ထင်ရှားလှပါတယ်။ ဒါ့အပြင် ကျိုက်လတ်မြို့က ဥယျာဉ်ဝပေါ်တော်မူဘုရား ကလည်း ကြည်ညိုဖွယ်ရာကောင်းလှပါတယ်။

ဒီဘုရားဖူးနဲ့ လေ့လာရေးခရီးစဉ်ကို စက်တင်ဘာ ၈ ရက်က စာရေးသူအနေနဲ့ ပြည်တွင်းဘုရားဖူးနဲ့ ခရီးသွားဝန်ဆောင်မှုအသင်း(DPTOA) လက်အောက်မှာရှိတဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေဖြစ်ကြတဲ့ သန်းဌေးနှင့် ရောင်းရင်းများ၊ စေတနာရှင်၊ GoldenLight၊ ဇော်ရဲနိုင်၊ ရွှေလမ်းခရီး၊ ကိုကျော်နှင့် ရောင်းရင်းများ၊ ချယ်ရီလွင်၊ သုံးရာသီ၊ Kaung Kaung Family နှင့် လပြည့်ဝန်းစတဲ့ ခရီးသွားဝန်ဆောင်မှုအသင်း ၁၀ သင်းနဲ့ သွားရောက်လည်ပတ်ခဲ့တာ ဖြစ်ပါတယ်။

လမ်းခရီးတစ်လျှောက် စိမ်းစိုနေတဲ့ လယ်ကွင်းတွေ။ ရေပြည့်နေတဲ့ ချောင်းရိုးလေးတွေနဲ့ မျက်စိပသာဒဖြစ်စေပြီး မြို့တိုင်းဆီက ထင်ရှားကျော်ကြားလှတဲ့ တန်ခိုးကြီးဘုရားတွေကို ဖူးမြော်ရင်း ဒေသစာတွေ အိမ်ပြန်လက်ဆောင်ဝယ်ယူနိုင်တာမို့ ရန်ကုန်မြို့နဲ့ အလှမ်းမဝေးလှတဲ့ နေ့ချင်းပြန် ဘုရားဖူးခရီးစဉ်တွေကို ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။

❂ ❂ ❂

**"တစ်လုံးတည်းသော ကျွန်းသစ်ကြီးကို လေးနှစ်ကြာထုဆစ်ပြီး ကောဇာသက္ကရာဇ် ၁၂၆၂ ခုနှစ်မှာ ဉာဏ်တော် ၁၈ တောင် ၂၇ ပေ အမြင့်ဆောင်တဲ့ ရုပ်တော်မူဘုရားကြီးအဖြစ် တည်ထားကိုးကွယ်ခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၁၀၀ ရှိပြီ ဖြစ်ပါတယ်။ ဘုရားဖူးပြည်သူတွေကြားထဲမှာတော့ ကျိုက်လတ်မြို့က ရေဆန်ကျွန်းဘုရားလို့ ထင်ရှားလှပါတယ်"**



စက်တင်ဘာ ၈ ရက်က သွားရောက်ဖူးမြော်ကြသည့် ဘုရားဖူးများကို တွေ့ရစဉ်။



# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြန်အောင်မြို့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် တက်ရောက်အားပေးချီးမြှင့်

**မြန်အောင် စက်တင်ဘာ ၁၄**

ရောဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြန်အောင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပွဲတော်ကို အ.ထ.က(၁)မြန်အောင် ဖေယျာသီရိခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူများက "ထိန်းသိမ်းစို့လေ စာပေအမွေ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများသည် နိုင်ငံ၏အနာဂတ်အတွက် မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ခြင်းဖြစ်ကြောင်း၊ လူငယ်များအပါအဝင် ပြည်သူအားလုံး စာဖတ်ကြရန်လိုကြောင်း၊ ကျောင်းသားလူငယ်များ ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများ ပေါ်ထွက်လာစေရန်" စသည့် ရည်ရွယ်ချက်များစွာဖြင့် ကျင်းပဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်များအတွက် လှူဒါန်းသည့် စာအုပ်အုပ်များနှင့် ကပြဖျော်ဖြေပေးခဲ့ကြသော ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် ခရိုင်ပညာရေးမှူးတို့က လက်ခံရယူခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများ၊ စာပေပြိုင်ပွဲများ၊ ကာယဉာဏ ပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အဆိုပါစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စာပေဟောပြောပွဲနှင့်လူငယ်စကားဝိုင်းကျင်းပပေးခြင်း၊ စာအုပ်ပြခန်း၊ ဓာတ်ပုံပြခန်း၊ ဖွံ့ဖြိုးဝေစည်ရောဝတီ ပြိုင်ပွဲဝင် ဓာတ်ပုံပြခန်း၊ ဌာနဆိုင်ရာပြခန်းများနှင့် ကာယဉာဏ စွမ်းရည်ပြိုင်ပွဲများ စာအုပ်အရောင်းဆိုင်များပါဝင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်း သင်တန်းကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

လတ်တလော ဖြစ်ပွားလျက်ရှိသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်မည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး(OCV) တိုက်ကျွေးခြင်းလုပ်ငန်းသင်တန်းကို စက်တင်ဘာ ၁၃ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (OCV)တုံ့ပြန်တိုက်ကျွေးနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များနှင့် အကောင်အထည်ဖော်ဆောင်မှုများကို ကျန်းမာရေးဝန်ထမ်းများ လိုက်နာသိရှိ ဆောင်ရွက်နိုင်ရန်၊ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါတုံ့ပြန်ကာကွယ်ဆေး (OCV) အကြောင်း၊ ဆေးတိုက်ကျွေးခြင်းလုပ်ငန်း၊ မှတ်တမ်းပြုစုခြင်းနှင့် သတင်းပေးပို့ခြင်း၊ ကွင်းဆင်းကြီးကြပ်ခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေးခြင်းဆိုင်ရာ နည်းဗျူဟာများ၊ ကာကွယ်ဆေး တိုက်ကျွေးပြီး ဖြစ်ပွားတတ်သော လူထုစည်းရုံးရေး လုပ်ငန်းများ သိရှိနားလည်ပြီး မိမိတို့မြို့နယ်များတွင် ကိုယ်တိုင်ပြန်လည်ပို့ချနိုင်ပြီး လက်တွေ့လိုက်နာကျင့်သုံးစေရန် တို့ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ် ၃၄ မြို့နယ်နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တို့မှ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများနှင့်ကျန်းမာရေးအဆေးလမ်းကြောင်းတာဝန်ခံများ၊ UNICEF၊ WHO တို့မှ တာဝန်ရှိသူများနှင့် သင်တန်းတက်ရောက်သူများ စုစုပေါင်း ၁၅၀ တက်ရောက်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ တုံ့ပြန်ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်မည့် မြို့နယ် ၃၄ မြို့နယ်တွင် ဆင့်ပွားသင်တန်းများကို စက်တင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဆက်လက ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**အာကာလင်း**

နှစ် (၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်း ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် စည်ပင်သာယာရေး ဝန်ထမ်းများက ပုသိမ်မြို့ သမိုင်းဝင်တဂေါင်းမဟာစေတီတော်၌ စက်တင်ဘာ ၁၄ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ပုသိမ်လုကြည်





နှစ်(၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ စက်တင်ဘာ ၁၄ ရက်က ရဲတပ်ဖွဲ့ဝင်များ စုပေါင်း သွေးလှူဒါန်းရာ ကမာရွတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦးနှင့် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင့်လွင်တို့က ဗဟန်းမြို့မစခန်းမှ ရဲတပ်ဖွဲ့ဝင်များအား ကြည့်ရှုအားပေးစဉ်။ တင်စိုး


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


ခရမ်းလွန်ရောင်ခြည် အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၈၉၀၀ | ၅၇ | ၅၀၈၈၀၀ |
| MTSH | ၃၅၀၀ | ၃၄၀၀ | ၄၈၇၃ | ၁၆၅၈၂၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀ | ၁၈၅၀ | ၂၁ | ၃၈၈၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၄၅၇ | ၁၂၇၉၆၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၈၁၃ | ၁၃၈၂၃၅၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၀ | ၀ | ၀ | ၀ |
| MADPL (PLB) | ၃၇၀၀၀ | ၃၇၀၀၀ | ၉၇ | ၃၅၈၉၀၀၀ |

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်လေဆိပ် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေမှု၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်မှုလုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် စက်တင်ဘာ ၁၄**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်လေဆိပ် ပြန်လည်ပြင်ဆင်ရေး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု၊ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်မှုလုပ်ငန်းများနှင့် ထပ်မံပြုပြင်မည့် အခြေအနေများ၊ မြို့လယ်ဈေးရုံ ပြုပြင်ဆောင်ရွက်မည့် အခြေအနေများနှင့် သီရိမင်္ဂလာပုံဟော်ကြီးကျောင်း၊ အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**ကြိုတင်စီမံထား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်လေဆိပ်ရှိ လေဆိပ်အတွင်းပိုင်း အချောသတ်လုပ်ငန်းများ၊ ခရီးသည်နားနေခန်းမများ၊ လေကြောင်းထိန်းမျှော်စင် အဆောက်အဦနှင့် လေယာဉ်ပြေးလမ်းအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယံပုံ)**လေဆိပ်ပြင်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ အခြားအသေးစားလုပ်ငန်းများ ဖြည့်စွက်ဆောင်ရွက်ရန်၊ လေယာဉ်ပြေးလမ်းတစ်လျှောက် ဝဲ၊ ယာ အချက်ပြမီးများ ကောင်းမွန်စေရေး၊ လေယာဉ်ကွင်းဧရိယာအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ပန်းအလှပင်များစိုက်ပျိုးရေး၊ လေဆိပ်ပြန်လည် ဖွင့်လှစ်ပါက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေး ကြိုတင်စီမံထားကြရန် မှာကြားသည်။

ဆက်လက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းဝန်ထမ်းအိမ်ရာသို့ ရောက်ရှိရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးက ပြန်လည်ထူထောင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တိုက်အမှတ် (၃၃၊ ၃၅၊ ၃၆၊ ၃၇) နှင့် မြို့နယ်ဦးစီးမှူးရုံး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေး ယခုလကုန်တွင် ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ အိမ်ရာသို့ ဝင်ထွက်သွားလာသည့် အဝင်လမ်းကို သန့်ရှင်းသပ်ရပ်ရေးပြုပြင်သွားရန်၊ ယခုပြုပြင်သည့် တိုက်ခန်းများအပြင် အခြားတိုက်လေးလုံးကိုပြင်ဆင်နိုင်ရေးဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ဒေါ်ဥခူစုပေါင်းဝန်ထမ်းအိမ်ရာသို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်က လေးခန်းတွဲ၊ ငါးထပ် ဝန်ထမ်းအိမ်ရာ နှစ်လုံးကို ဝန်ထမ်းများ ပြန်လည်နေထိုင်နိုင်ရေးအတွက် ပြုပြင်နိုင်ရေးကို ဆောင်ရွက်သွားရန်နှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာများကို ပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မြို့လယ်ဈေးရုံ ပျက်စီးနေမှုကို သွားရောက်ကြည့်ရှုပြီး ပြည်သူများနှင့် ဘာသာရေးအခမ်းအနားများ ကျင်းပနိုင်ရေး စာရေးတံမဲပွဲနှင့် စာပြန်ပွဲများ ပြန်လည်ကျင်းပပြုလုပ်နိုင်ရေး၊ အချိန်မီ ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ဈေးရုံအကျိုးတော်ဆောင်အဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။




**ဆက်ကပ်လှူဒါန်း**

ထို့နောက် သီရိမင်္ဂလာပုံဟော်ကြီးကျောင်းတွင် သန့်ရှင်းရေးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်း ကုသိုလ်ပြုဆောင်ရွက်နေမှုများ ကြည့်ရှုအားပေးပြီး သံဃာဆေးရုံကို လှည့်လည်ကြည့်ရှုသည်။ ဆက်လက်၍ ကျောင်းထိုင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တစန္ဒိမာအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံကာ ပြန်လည်အခြေချနေထိုင်ကြမည့် ပြည်သူများ၏ သားငယ်၊ သမီးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ဆောင်၊ စာသင်ခန်းများ၊ သင်ထောက်ကူပစ္စည်းများ၊ သန့်စင်ခန်းများ အသင့်အနေအထားဖြစ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ရေကြီးနစ်မြုပ်မိုးစပါးစိုက်ခင်းများအား ယူရီးယား/သဘာဝမြေဩဇာများ ထောက်ပံ့၊ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများရှိ အိမ်ထောင်စုများကို စားသောက်ကုန်များထောက်ပံ့

**ဘားအံ စက်တင်ဘာ ၁၄**

ကရင်ပြည်နယ်အတွင်း ဇူလိုင်လနှင့်ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စိုက်ပျိုးပြီးမိုးစပါးများ ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ရာ စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အဖွဲ့သည် ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာတွင် ရေကြီးနစ်မြုပ် မိုးစပါးစိုက်ခင်းများအတွက် ယူရီးယား/သဘာဝ မြေဩဇာများကို ထောက်ပံ့ပေးအပ်ပြီး မြေဩဇာစုပေါင်းကြဲပက်ခြင်းနှင့် ပိုးမွှားရောဂါစုပေါင်းကာကွယ် နှိမ်နင်းခြင်းတို့ကို ကြည့်ရှုအားပေးကြသည်။



**ကူညီအားပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ကော့သင်းရှူးကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ မိုးစပါးစိုက် တောင်သူများနှင့် တွေ့ဆုံ၍ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တောင်သူများ၏ လိုအပ်ချက်များကို ရှေးရှုပြီး အဘက်ဘက်မှ ကူညီအားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကော့သင်းရှူးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မိုးစပါးစိုက်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ၂၅ အိတ်နှင့် သဘာဝမြေဩဇာ ၂၅ အိတ်တို့ကို ထောက်ပံ့ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ရေကြီးနစ်မြုပ် မိုးစပါးစိုက်ခင်းများကို မြေဩဇာများ စုပေါင်းကြဲပက်ခြင်းနှင့် ပိုးမွှားရောဂါ စုပေါင်းကာကွယ်နှိမ်နင်းခြင်းကို လက်တွေ့သရုပ်ပြသရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဌာနဆိုင်ရာများ၊ ကော့သင်းရှူးကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ မိုးစပါးစိုက်တောင်သူများက ကြည့်ရှုအားပေးသည်။

ကရင်ပြည်နယ်အတွင်း မိုးစပါးဧက ၄၂၇၃၂၉ ဧကစိုက်ပျိုးရန် လျာထားပြီး ဩဂုတ်လကုန်အထိ ၂၉၉၉၉၆ ဧက စိုက်ပျိုးပြီးဖြစ်ရာ ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် စိုက်ပျိုးပြီးမိုးစပါး ၃၂၃၅၄ ဧက ရေလွှမ်းခံခဲ့ရပြီး စာရင်းများအရ ၂၄၃၆၆ ဧက ထိခိုက်၍ ၁၃၁၄၆ ဧကပျက်စီးခဲ့ကြောင်း၊ ပျက်စီးလယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့က မျိုးစပါး တင်း ၃၀၂၀၊ ယူရီးယား အိတ် ၇၅၀၊ ပိုတက်ရှ်အိတ် ၅၀၀ နှင့် ပိုးသတ်ဆေးဖျန်းပုံး ၁၀၀ ကို ဝယ်ယူစုဆောင်းခဲ့ပြီး တောင်သူများအား ထောက်ပံ့ပေးအပ်မှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ထောက်ပံ့ပေးအပ်**

သံလွင်မြစ်ရေသည် ယနေ့ နံနက် တိုင်းတာချက်များအရ ဘားအံမြို့၏စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက် ၉၆၉ စင်တီမီတာသို့ စံချိန်တင်ကျော်လွန်ရောက်ရှိနေပြီး အနိမ့်ပိုင်းလူနေရပ်ကွက်အတွင်း ရေများ ဝင်ရောက်လာကာ ဆက်လက်နေထိုင်ရန် မသင့်တော်တော့သည့်အတွက် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ယာယီပြောင်းရွှေ့ နေထိုင်စေခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေယဉ်မျှော်ပြည်တော်ဇေတီတော် ယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့ နေထိုင်သော အိမ်ထောင်စု ၂၃၃ စု၊ လူဦးရေ ၁၁၈၆ ဦး၊ ဘားအံမြို့ မိုးလုံလေလုံအားကစားခန်းမယာယီကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၁၈၇ စု၊ လူဦးရေ ၈၀၃ ဦး၊ ဘားအံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိအိမ်ထောင်စု ၃၂၂ စု၊ လူဦးရေ ၁၄၄၆ ဦးတို့အား သွားရောက် တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ကြက်ဥအစရှိသော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။**(ဓါတ်ပုံ)**

**လိုအပ်သည်များမှာကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံ-လှိုင်းဘွဲ့ကားလမ်းမကြီး၊ တံတားအမှတ် ၁/၄၊ မဲဘောင်တံတား၌ သံလွင်မြစ်ရေလျှံတက်မှုနှင့် တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာအမျိုးသမီးလိဂ်တွင် အား/ကာသိပွဲ ဆက်လက်ဦးဆောင်ပြီး ရှမ်းယူနိုက်တက် ပထမဆုံးနိုင်ပွဲရရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၆) ကို စက်တင်ဘာ ၁၃၊ ၁၄ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပွဲအသင်း ဆက်လက်ဦးဆောင်ပြီး ရှမ်းယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။

ပွဲစဉ် (၁၆) တွင် အား/ကာသိပွဲအသင်းက သစ္စာအားမာန်အသင်းကို ခြောက်ဂိုးပြတ်၊ ရောဝတီအသင်းက YREO အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ရှမ်းယူနိုက်တက်အသင်းက လက်ရှိချန်ပီယံ မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ယခုရာသီတွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်သည့် ရှမ်းယူနိုက်တက်အသင်းသည် တတိယအကြိမ်မှ ပထမဆုံး နိုင်ပွဲရယူနိုင်ခဲ့ပြီး လက်ရှိချန်ပီယံ မြဝတီအသင်းကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၁၆) အပြီးတွင် အား/ကာသိပွဲအသင်းက ၁၃ ပွဲကစား ၃၅ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၃ ပွဲကစား ၂၉ မှတ်၊ ရောဝတီအသင်းက ၁၄ ပွဲကစား ၂၆ မှတ်၊ မြဝတီအသင်းက ၁၄ ပွဲကစား ရမှတ် ၂၀၊ သစ္စာအားမာန်အသင်းက ၁၄ ပွဲကစား ၁၆ မှတ်၊ YREO အသင်းက ၁၄ ပွဲကစား ခုနစ်မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၄ ပွဲကစား လေးမှတ်ရရှိထားသည်။

**ရဲရင့်လွင်**

## မန္တလေးမြို့၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း မြနန္ဒာခန်းမ၌ ကျင်းပသည်။

ဦးစွာ မန္တလေးပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်း(ခွဲ) လူငယ် ကြက်ခြေနီမောင်မယ်များက "ပြည်သူ့အတွက်ကြက်ခြေနီ" သီချင်းဖြင့် ဖျော်ဖြေခဲ့သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်က ပေးပို့သော "ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့" သဝဏ်လွှာကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားသည်။ ဆက်လက်၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကြက်ခြေနီအသင်း(ခွဲ)ငယ်မှ လူငယ်ကြက်ခြေနီမောင်မယ်များက ပတ်တီးစည်းနည်းစွမ်းရည် သရုပ်ပြသခဲ့ပြီး မန္တလေး အစိုးရနည်းပညာကောလိပ်နှင့် မန္တလေးပညာရေးဒီဂရီကောလိပ်တို့မှ ကြက်ခြေနီလူငယ်များက ရှေးဦးပြုစုခြင်း သရုပ်ပြစွမ်းရည်များကို ပြသခဲ့ကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပြုလုပ်သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်ပြိုင်ပွဲတွင် ရှေးဦးပြုစုခြင်းသင်တန်း အကြိမ်ရေအများဆုံးဖွင့်လှစ်နိုင်သည့် ပထမဆုရရှိခဲ့သော ပြင်ဦးလွင်မြို့နယ်အား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ထပ်ဆင့်ဂုဏ်ပြုဆုနှင့် အခြေခံအသက်ကယ် နှိုးဆွနည်းဖြင့် ကလေးငယ်၏ အသက်အားကယ်တင်ခဲ့သော စေတနာ့လုပ်အားရှင်တို့အား လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုဆုချီးမြှင့်သည်။

ကမ္ဘာ့ရှေးဦး ပြုစုခြင်းနေ့ အခမ်းအနားသို့ ရှေးဦးပြုစုခြင်းစွမ်းရည်များ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် ပြင်ဦးလွင်မြို့နယ်မှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များနှင့် မဟာအောင်မြေမြို့နယ်မှ ကလေးငယ်၏ အသက်အားကယ်တင်ခဲ့သည့် ကြက်ခြေနီ စေတနာ့ လုပ်အားရှင်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အခမ်းအနားတွင် သရုပ်ပြစွမ်းရည် ပြသခဲ့သည့် ကြက်ခြေနီ မောင်မယ်များအား တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်က ဆုများပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့သည့် တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း ဥက္ကဋ္ဌ ဒေါ်မြသွေးရည်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး**
**(မတ္တရာ)**






## ဖန်းမော်မြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ဗန်းမော် စက်တင်ဘာ ၁၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ကြီးမှူး၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က "၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့၏ ဆောင်ပုဒ်သည်" အားကစားအတွက် အမြဲကူညီ၊ ရှေးဦးပြုစုခြင်း အသင့်ရှိသည်" ဖြစ်ပါကြောင်း၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များအနေဖြင့် ကြက်ခြေနီအခြေခံမူ ခုနစ်ချက်ပါအတိုင်း ခွဲခြားခြင်းမရှိခြင်းမူကို အစဉ်စောင့်ထိန်းပြီး ပြည်သူလူထုနှင့်အတူ ရှေးဦးပြုစုခြင်း ပညာရပ်များဖြင့် နိုင်ငံအကျိုးပြုပြည်သူအကျိုးပြု ကရုဏာလုပ်ငန်းများကို ယခုထက်ပိုမိုပြီး စွမ်းစွမ်းတမံ အကောင်အထည်ဖော် ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်ထံမှ ပေးပို့သော သဝဏ်လွှာအား ဗန်းမော်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးစိုးမောင်က ဖတ်ကြားခဲ့ပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ရှေးဦးပြုစုခြင်းနည်းများကို သရုပ်ဖော်ပြသခြင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲသို့ အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သဘာဝဘေးဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်

**ပင်းတယ စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက စက်တင်ဘာ ၁၃ ရက်တွင် သွားရောက်ကြည့်ရှုသည်။

ပင်းတယမြို့နယ်၌ စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်တော်သာ ရပ်ကွက်အတွင်းရှိ လူနေအိမ် ခြောက်လုံးအတွင်း ရေများဝင်ရောက်ခဲ့ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အဆိုပါ ရေဘေးသင့်အိမ်ထောင်စု ခြောက်စုအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် သုံးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ပုန်းတလုတ်ရေကန်အတွင်း ရေဝင်ရောက်မှု၊ ရေပိုလွှဲ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် တောင်ပေါ်ကြီးကျေးရွာ ပင်းတယ-ရွှေညောင် ကားလမ်းဘေးရှိ လူနေအိမ်တစ်လုံး၏ အလျားပေ ၆၀၊ အမြင့်ပေ ၃၀၊ ထု သုံးပေရှိ ကျောက်စီမြေထိန်းနံရံ ပြိုကျပျက်စီးမှုနှင့် ပင်းတယ-ရွှေညောင်ကားလမ်း မိုင်တိုင်အမှတ် ငါးကီလိုမီတာနှင့် (၅ ဒသမ ၅) ကီလိုမီတာအကြားတွင် အရှည် ၂၆ ပေ၊ အကျယ် ၂၅ ပေခန့် လမ်းမြေကျွံကျမှု အခြေအနေ၊ မိုင်းအင်ကျေးရွာရှိ အောင်ပန်း-ပင်းတယ-ရပ်စောက်သွား လမ်းမပေါ်ရှိ သံမဏိသံပေါင် တံတားဟောင်း ပြိုကျပျက်စီးမှုအခြေအနေနှင့် ပင်းတယမြို့နယ် ဖောင်းပြားကျေးရွာနှင့် ရပ်စောက်မြို့နယ် မြေနီကုန်းကျေးရွာ၊ တောင်ချွန်းကျေးရွာ များဖြင့် ဆက်သွယ်ထားသည့် အရှည် ပေ ၅၀၊ အကျယ် ၁၄ ပေရှိ ကွန်ကရစ်တံတားကျိုးပဲ့ပျက်စီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့အတူ ပွေးလှကျေးရွာအုပ်စု ရှောက်ပင်ကျေးရွာ ရေဂနိုင်ဘုန်းတော်ကြီးကျောင်း အဆောက်အအုံရှေ့ရှိ ကွန်ကရစ်လမ်းအရှည် ပေ ၂၅၀၊ အကျယ် ပေ ၅၀ လမ်းသည် မြေသား ပေ ၂၀ ခန့် နိမ့်ကျမှုနှင့် ပွေးလှရေကန်အတွင်း ရေများဝင်ရောက်မှုတို့ကို သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး(ပင်းတယ)**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ကျော်ဦးဆောင်၍ မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးတင့်နိုင်နှင့် ဝေဘာဂီ ရွှေပေါက်ကံနယ်မြေ ရဲစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၁ ရက်က မြောက်ဥက္ကလာပမြို့နယ် မယ်လမုဆုတောင်းပြည့်စေတီတော် ဘုရားဝင်းအတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အာကာစိုး

## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-**

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

# တနင်္သာရီတိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ပြိုင်ပွဲအခမ်းအနားကို ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ လူမှုရေးရာဝန်ကြီး ဦးသက်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုနှစ် ၂၀၂၄ ခုနှစ်တွင် (၂၅)ကြိမ်မြောက် ပြိုင်ပွဲကြီးကို ငွေရတုအထိမ်းအမှတ်ပြိုင်ပွဲကြီးအဖြစ် ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတများ၊ လူ့စွမ်းအားအရင်းအမြစ်များမည်မျှပင် ပြည့်စုံပေါကြွယ်ဝပါစေ မိမိတို့ရိုးရာယဉ်ကျေးမှုများကို



ထိန်းသိမ်းမထားနိုင်ပါက ယဉ်ကျေးမှုနှင့်အတူ လူမျိုးပါပျောက်ကွယ်သွားနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့ရိုးရာယဉ်ကျေးမှုများကို နိုင်ငံသားတိုင်းက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး မျိုးဆက်သစ် ရှက်ပုန်းသီးအနုပညာရှင်များကို ဖော်ထုတ်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဆင့်ပြိုင်ပွဲတွင် တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်မည့် ကဗျာလွတ်အက၊ ချင်းတိုင်းရင်းသားရိုးရာ ဟားခါးအက၊ ထားဝယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများနှင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့် ဖျော်ဖြေရေးအဖွဲ့များက သီဆိုကပြဖျော်ဖြေ တင်ဆက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

တနင်္သာရီတိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်၊ (၁၅-၂၀)နှစ်၊ အဆင့်မြင့်ပညာအဆင့်၊ ဝါသနာရှင် အဆင့်တို့တွင် ပြိုင်ပွဲဝင် ၆၀ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား စက်တင်ဘာ ၁၅ ရက်တွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်၊ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ် (Deep Depression)သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

**နောက်(၄၈)နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် (၄၈)နာရီအတွင်း အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ မုန်တိုင်းငယ်(Depression) အဖြစ်သို့ အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**


အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၁၅ ရက်နေ့အတွင်း မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မိုးသည်းထန်ခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

၁၄-၉-၂၀၂၄ ရက်နေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ
အားကောင်းသော မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




## ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ၈ ဒသမ ၃ ပေခန့် ဆက်လက်ရေကျော်

**ပွင့်ဖြူ စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေ အဓိကမှီခိုအားထားရသည့် ကြီးအုံကြီးဝတမံမှာ မိုးရွာသွန်းမှုကြောင့် တမံအတွင်း ရေဝင်ရောက်မှုရှိခဲ့ရာ စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီတွင် တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် တမံရေပိုလွှဲမှ ၈ ဒသမ ၃ ပေခန့် ဆက်လက် ရေကျော်ကျလျက်ရှိကြောင်း သိရသည်။

**စိုးရိမ်စရာအခြေအနေမရှိ**

"မုန်တိုင်း အရှိန်ကြောင့် ပွင့်ဖြူမြို့နယ်မှာ စက်တင်ဘာလဆန်းပိုင်းကစပြီး မိုးက အဆက်မပြတ်ရွာသွန်းခဲ့ပြီး ကြီးအုံကြီးဝတမံအတွင်း မိုးရေဝင်ရောက်မှုတွေ တိုးလာခဲ့ပါတယ်။ တမံအတွင်း ရေဝင်ရောက်မှု အခြေအနေနဲ့ ပတ်သက်ပြီး ပြည်သူတွေ အချိန်နဲ့ တစ်ပြေးညီသိရှိစေဖို့နဲ့ စိုးရိမ်မှုတွေ မဖြစ်စေဖို့အတွက် ရေကင်းတာဝန်များကို ၂၄ နာရီ စောင့်ကြပ်စစ်ဆေးပြီး ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တမံရေပိုလွှဲကနေ ရှစ်ပေခန့် ရေကျော်ကျနေပါတယ်။ သို့သော်လည်း တမံနှင့်ဆက်စပ် အဆောက်အအုံတွေ ကြံ့ခိုင်ကောင်းမွန်လျက် ရှိတာကြောင့် တမံအောက်ဘက်မှာ ရှိတဲ့ ဒေသခံပြည်သူတွေအတွက် စိုးရိမ်စရာအခြေအနေမရှိပါဘူး" ဟု ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေကင်းတာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းလွင်က ပြောသည်။

**ဆည်ရေအများဆုံး သိုလှောင်**

ပွင့်ဖြူမြို့နယ် အတွင်းရှိ ကြီးအုံကြီးဝတမံသည် မင်းဘူးခရိုင်အတွင်း ဆည်ရေအများဆုံး သိုလှောင်ထားနိုင်သည့် တမံတစ်ခုဖြစ်ကာ ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လုပ်ပြီး ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ကာ ပြည်သူလူထု လျှပ်စစ်မီးသုံးစွဲနိုင်ရန် အကျိုးပြုလျက်ရှိသည်။ ထို့အပြင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအတွက် (နွေ၊ မိုး၊ ဆောင်း) သီးနှံများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန် မဲဇလီရေလွှဲဆည်သို့ ရေများပို့လွှတ်ကာ ဆည်ရေသောက်ဧရိယာအတွင်းရှိ သီးနှံစိုက်ခင်းများကို စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိအောင် ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## ပန်းတောင်းမြို့နယ်၌ ချောင်းရေတိုက်စားမှုကြောင့် လူနေအိမ်များပြောင်းရွှေ့

**ပန်းတောင်း စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မသုံကျေးရွာတွင် သူရဲတန်းချောင်းရေ တိုက်စားခံရပြီး ချောင်းကမ်းပါးဘေးကပ်လျက်ရှိ လူနေအိမ်ခြောက်လုံး၊ လူဦးရေ ၁၇ ဦးတို့နေထိုင်သည့်နေအိမ်များ ချောင်းအတွင်းသို့ မျောပါသွားခဲ့ပြီး ရေဘေးသင့်သူများအား မသုံကျေးရွာဘုန်းကြီးကျောင်း ဓမ္မာရုံသို့ ပြောင်းရွှေ့ပေးထားသည်။ ဇရပ်လှကျေးရွာတွင် သနီချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးဘေး ကပ်လျက်ရှိသော လူနေအိမ်လေးလုံး၊ လူဦးရေ ၁၈ ဦးနေထိုင်သည့် နေအိမ်များ ကမ်းပါးပြိုသည့်အတွက် အဆိုပါ အိမ်များကိုဖျက်၍ လွတ်ကင်းသည့်နေရာသို့ ပြောင်းရွှေ့ပေးခဲ့ကြပြီး ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်း ရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**လပြည့်လင်း (ပြန်/ဆက်)**




# သထုံမြို့နယ်ရှိ ဒုံသမိချောင်းအတွင်း မျိုးငါးသားပေါက် ကောင်ရေ ၇၀၀၀၀ ငါးမျိုးစိုက်ထည့်ပေး

**သထုံ စက်တင်ဘာ ၁၄**

မွန်ပြည်နယ် သထုံမြို့နယ်၌ ငါးသယံဇာတများ တိုးပွားပြီး ဒေသတွင်း ငါးစားသုံးမှု ဖူလုံစေရေးအတွက် စက်တင်ဘာ ၁၄ ရက်က ငါးလုပ်ငန်းဦးစီးဌာန (သထုံ) မှဦးဆောင်၍ ဒူးရင်းဆိပ်ကျေးရွာရှိ ဒုံသမိချောင်းအတွင်းသို့ ငါးသားပေါက် ကောင်ရေ ၇၀၀၀၀ ကို မျိုးငါးစိုက်ထည့်ပေးသည်။

ငါးမျိုးစိုက်ထည့်ရာတွင် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်အောင်ဟိန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက ငါးလုပ်ငန်းစခန်း(သထုံ)မှထုတ်လုပ်သည့် နှစ်လက်မနှင့်အထက် အရွယ်အစားရှိ ငါးမြစ်ချင်းကောင်ရေ ၄၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၃၀၀၀၀ စုစုပေါင်းကောင်ရေ ၇၀၀၀၀ ကို ဒုံသမိချောင်းအတွင်းသို့ စုပေါင်း၍ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် မွန်ပြည်နယ်ရှိ မြစ်ချောင်းများ၊ ဆည်မြောင်းတာတမံများ စသည့် သဘာဝရေပြင်များသို့ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း ငါးမျိုးများ သားပေါက် ကောင်ရေ ရှစ်သိန်းခန့် အခမဲ့မျိုးစိုက်ထည့်ပေးနိုင်ရန် လျာထားချက်ရှိကြောင်း ငါးလုပ်ငန်းစခန်း(သထုံ)မှ စခန်းတာဝန်ခံ ဦးဝင်းဗိုလ်ထံမှ သိရသည်။

ခွန်(ဝင်းပ)



စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်များက ဖြစ်ပွားခဲ့သည့် မိုးကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ကြရသည့် တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထွေထွေလုပ်သား ၁၂ ဦးအား တာချီလိတ်မြို့နယ် မြန်မာ့အလင်းသတင်းထောက် ဦးအောင်ဖြိုးရှိန် (သူရိယသက်န်းတိုက်မိသားစု)က တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းစီဖြင့် စုစုပေါင်းငွေကျပ် သိန်း ၃၀ ကို စက်တင်ဘာ ၁၄ ရက်က အဆိုပါ ဆေးရုံကြီးတွင် တစ်ဦးချင်း ပေးအပ်လှူဒါန်းစဉ်။ မြန်မာ့အလင်း

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီ(၄)လမ်း၊ အရှေ့လားသော်ဦးပြေငြိမ်းခြံ၊အနောက်လားသော် မေဃဝတီ (၄)လမ်း၊ တောင်လားသော် ဒေါ်သန်းသန်းနွဲ့အိမ်၊ မြောက်လားသော် အိမ်ဆောက်ပစ္စည်းဆိုင် ၏ ခြံမြေကွက်၊ အလား(၄)ရပ်တွင်းရှိမြေကွက် (၁၈ပေx၉၀ပေ)၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လက်ရှိပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့် ရှိသူဦးချစ်ဝင်း (၇/ကကန(နိုင်)၀၁၀၇၂၅)ထံမှဦးစံညွန့် ၁၂/လကန(နိုင်)၁၄၂၄၀၃ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါ ပိုင်ဆိုင်မှုစာရွက်စာတမ်းအပြည့်အစုံဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ ဖြစ်စေလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈) တရားလွှတ်တော်ရှေ့နေ
၈၂/ ၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၇၁၈၈၅၆၉

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1K/3121 HINO PROFIA Truck ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုး ၈/ရစက(နိုင်) ၁၉၆၆၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/88606 Honda Vario 150 ယာဉ် လက်ဝယ် ရှိသူ First Anzure Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်းအောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ဖခင်အမည်မှန်

လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ အထက(၈)၊ ကျောင်း၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်အာကာမင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ဖြစ်ပါကြောင်း။ **ဦးဇော်လင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အလက(အောက်ကွေ့ကြီး) ကျောင်း Grade-9 မှ မောင်နိုင်ထက်ဝေ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝေယံ ၇/ဝမန(နိုင်) ၁၄၀၄၀၆ ဖြစ်ပါကြောင်း။

**ဦးအောင်ဝေယံ**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ မုန်တောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မအိအိငြိမ်း၏ဖခင် ဦးလှအုံး၏ အမည်မှန်မှာ ဦးလှအုန်း ၈/မဘန (နိုင်)၀၉၂၂၈၀ ဖြစ်ပါကြောင်း။

**ဦးလှအုန်း**

**သွေးသည်အသက်**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## နေပြည်တော်မြို့အဝင်မုခ်ဦး Conceptual Design ရေးဆွဲရန် စိတ်ဝင်စားသူများကို ဖိတ်ခေါ်ခြင်း

နေပြည်တော်မြို့အဝင် ရာဇသင်္ဂဟလမ်းမကြီးပေါ်တွင် မြို့အဝင်မုခ်ဦးပုံစံ Conceptual Design ကို ရေးဆွဲရန်အတွက် စိတ်ပါဝင်စားသူများကို မုခ်ဦးပုံစံ ဒီဇိုင်းရေးဆွဲပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

**မုခ်ဦးဒီဇိုင်းဆိုင်ရာအချက်အလက်များ**

(က) မုခ်ဦးအလျားခန့်မှန်း ၂၀၀ ပေခန့်၊ အနံ ၅၀ပေခန့်။(Clear Span ၁၁၈ ပေ)
(ခ) အခြေခံပုံစံအဖြစ် အဆိုပြုနေရာတွင် မုခ်ဦးအဆောက်အဦသည် လမ်းလယ်ကျွန်း မပါသော ၄ လမ်းသွား (8 Lanes)လမ်းအား မိုးထားသည့် ပုံစံအဖြစ် လျာထားရေးဆွဲရန်နှင့် အခမ်းအနားများကျင်းပသည့် အချိန်တွင် ယာဉ်များ ရှောင်ကွင်းသွားလာရန်အတွက် မုခ်ဦး၏ ဘယ်/ညာ တွင် 2 Lanes လမ်းများ လျာထားရေးဆွဲရန်။
(ဂ) အဓိကလမ်းမကြီးဖြစ်သော ၄ လမ်းသွားလမ်းနှင့် ရှောင်ကွင်းလမ်း ( 2 Lanes လမ်း)ကြားရှိ မြေဧရိယာ အား Landscaping Area အဖြစ် ဆောင်ရွက်သွားရန်။
(ဃ) မုခ်ဦးပုံစံတွင် မြန်မာမှု စုလစ်မွမ်းချွန်ပုံစံ (Classis Design)များ ထည့်သွင်းရေးဆွဲရန်။

**စည်းကမ်းသတ်မှတ်ချက်များ**

(က) မုခ်ဦးပုံစံရေးဆွဲရန် စိတ်ဝင်စားသူသည် A3 Size ဖြင့် ဒီဇိုင်းပေးပို့ရာတွင် Hard Copy (၂)စုံနှင့် CD တွင် Jpeg Format (4K)ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ Email ဖြင့် ဖြစ်စေ ပေးပို့တင်ပြရမည်။
(ခ) မုခ်ဦးပုံစံရေးဆွဲရာတွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဒီဇိုင်းအရေအတွက် အကန့်အသတ်မရှိ ကိုယ်ပိုင်ရေးဆွဲထားသော ဒီဇိုင်းများဖြင့် ပေးပို့နိုင်ပါသည်။
(ဂ) ရေးဆွဲပေးပို့လာသော ဒီဇိုင်းကို လိုအပ်ပါက ရေးဆွဲထားသူကိုယ်တိုင် စိတ်ကူးအကြံဉာဏ်များကို ထည့်သွင်း၍ Persentation ပြုလုပ်ရမည်ဖြစ်ပြီး မိမိတို့ကိုယ်တိုင် ရေးဆွဲထားသော ဒီဇိုင်းဖြစ်ကြောင်း ဝန်ခံချက်ပါရှိရပါမည်။
(ဃ) နေပြည်တော်သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့်အားလျော်စွာ မြို့တော်၏ပုံရိပ်ကို ဂုဏ်ယူဝင့်ကြွားစွာဖော်ဆောင်သော ဒီဇိုင်းများဖြင့်သာ ရေးဆွဲရမည်။
(င) ပေးပို့လာသော မုခ်ဦးပုံစံဒီဇိုင်းများကို စိစစ်ရွေးချယ်ပြီး အသုံးပြုသွားပါမည်။ ရွေးချယ်ခံရသည့် ဒီဇိုင်းများအတွက် ထိုက်သင့်သောချီးမြှင့်ငွေပေးအပ်သွားမည် ဖြစ်ပါသည်။
(စ) ရေးဆွဲပြီးသည့် မုခ်ဦးဒီဇိုင်းကို (၃၀-၉-၂၀၂၄)ရက်နေ့နောက်ဆုံးထား၍ ရုံးချိန်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ လာရောက်ပေးပို့ရန် ဖြစ်ပါသည်။

- မုခ်ဦးဒီဇိုင်းရေးဆွဲပေးပို့လိုသူများသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ မြို့တော်ခန်းမ(ဖုန်း-၀၆၇-၈၁၀၈၂၁၂) တွင် အခြေခံရမည့်အချက်များကို လာရောက်ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**




## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အလက(ခွဲ)သူရဲသမိန် ကျောင်း Grade-5မှ မနိုးနိုး ၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးလင်း ၁၂/ဒဂတ(နိုင်)၀၁၃၉၀၄ ဖြစ်ပါကြောင်း။ **ဦးကျော်စိုးလင်း**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ အထက(ခွဲ)မြို့မ Grade-12 ၌ ပညာသင်ယူနေသော မောင်မင်းမောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဌေး ဖြစ်ပါကြောင်း။ **ဦးသိန်းဌေး**
**၁၄/ညတန(နိုင်)၀၈၉၇၆၁**

# မင်းဘူး(စကု)မြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**မင်းဘူး စက်တင်ဘာ ၁၄**

မကွေး တိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုနှင့်အတူ တောင်ကျချောင်းရေများဝင်ရောက် စီးဆင်းလာနိုင်သည့်အတွက် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနက သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၃ ရက်က မြို့နယ်အတွင်းရှိ မြေနိမ့်ပိုင်းဒေသများ၌ သွားရောက် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူးခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် များက ခရိုင်နှင့် မြို့နယ်များရှိ ဧရာဝတီမြစ် အနောက်ဘက် ချောင်းများနှင့် မြေနိမ့်ပိုင်း ကမ်းပါး တစ်လျှောက်မှ ပြည်သူများ မြေပြိုမှုနှင့်



ရေကြီး ရေလျှံမှုများကို ကြိုတင်ရှောင်ရှားနိုင်စေရန် ကြိုတင် ပြောင်းရွှေ့နေထိုင်ရေး၊ မိုးလေဝသ အခြေအနေများ၊ တောင်ကျချောင်းရေ ဝင်နိုင်မှု သတိပေးခန့်မှန်းချက်များ စသည်တို့ကို အသိပညာပေးသည်။

ပြည်သူများ အနေဖြင့် သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လာပါက ခရိုင်မီးသတ်ဦးစီးဌာန ဖုန်း ၀၉-၄၂၈၃၄၅၉၂၈ နှင့် နယ်မြေခံ မီးသတ်စခန်းများသို့ အကူအညီတောင်းခံနိုင်ကြောင်း မင်းဘူးခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းက ပြောသည်။

မောင်မောင်(မင်းဘူး)

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြဝတီ စက်တင်ဘာ ၁၄**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြု လုပ်ငန်း စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက် ၇ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ စုပေါင်း ဆောင်ရွက်သည်။

အဆိုပါ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းကို မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များသည် ကျောင်းဝင်း အတွင်း/အပြင်တို့၌ မိုးများအဆက်မပြတ်ရွာသွန်းခဲ့ပြီး သောင်ရင်းမြစ်ရေ လျှံတက်မှုကြောင့် တင်ကျန်ရှိခဲ့သည့် အမှိုက်သရိုက်များ၊ သဲနုန်းမြေများ ရှင်းလင်းခြင်း၊ ကျောင်းဆောင်ခန်းမ သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် စာသင်ခုံများ စနစ်တကျဖြစ်အောင် စီတန်းပေးခြင်းတို့ကို စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သည်။

ထို့အတူ မြဝတီခရိုင်ရဲတပ်ဖွဲ့မှ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် စုပေါင်းသွေးလှူဒါန်းပွဲကို မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ မုန်တောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မထက်မေဇင်ကျော်၏ ဖခင် ဦးအောင်ကျော်မိုး၏ အမည်မှန်မှာ ဦးအောင်ဇော်ထက် ၈/မဘန (နိုင်)၀၇၈၉၉၉ ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်ထက်**

**မီးသတိပြု**

## ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ အထက ကျွဲပွဲမြို့ Grade-11 တွင် ပညာသင်ကြားနေသော မောင်ဇေယျာပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင်ငွေး ၇/ အတန(နိုင်) ၀၇၀၁၉၅ ဖြစ်ပါကြောင်း။

**ဦးဝင်းအောင်ငွေး**

## ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့ မော်ကွန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12တွင် ပညာသင်ကြားနေသော မောင်ထူးအောင်ခန့်၏ ဖခင်အမည်မှန်မှာ ဦးဝင်း ၇/အတန(နိုင်) ၀၈၄၃၉၂ ဖြစ်ပါကြောင်း။

**ဦးဝင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်း ဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက ဇီးကုန်းကြီး Grade(9) မှ မယမင်းသော်၏ ဖခင်အမည်မှန်မှာ ဦးဆန်းမြင့် ဖြစ်ပါကြောင်း။

**ဦးဆန်းမြင့်**

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အထက(ခွဲ) ကဒက်ကွင်း ကျောင်းဝင်အမှတ်(၃၃၀) Grade-12 (Steams-1)မှ နန့်စမ်းမြသဥ္ဇာ၏ မိခင်အမည်မှန်မှာ မသူဇာသန်း ၁၄/မမန(နိုင်)၂၀၃၃၃၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ် RA - V/ ကွက်ပြင်)၊ ဦးပိုင်အမှတ် (၅၂-ဋ)၊ မြေယာအမှတ်( - )၊ မြေဧရိယာ ( ၀.၁၆၅) ဧကရှိမြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးအာကာကျော် (၂/လကန (နိုင်)၀၇၄၁၁၁)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/က အပိုင်း-၈၊ ဦးပိုင်အမှတ် (၁၁)၊ ၃၇x၃၈ လမ်းကြား၊ ၇၂x၇၃ လမ်းကြားရှိ ဦးငြိမ်းမောင်အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးငြိမ်းမောင်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၈၇၁/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်စိုးစိုးညွန့် ၉/မရမ(နိုင်) ၀၄၉၀၂၃က အမှုတွဲအမှတ် (၃၆၆၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


## အလိမ္မာ စာမှာရှိ


## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၁

ဒေါ်စမ်းစမ်းမော် **နှင့်** ၁။ ဒေါ်ခင်ဝင်းနိုင်
၂။ ဦးမြင့်ဇော်ဦး

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ သာကေတမြို့နယ်၊ (၈) ရပ်ကွက်၊ နဝရတ်(၈)လမ်း၊ အမှတ် (၁၄၁/ခ)နေ (၁)တရားပြိုင် ဒေါ်ခင်ဝင်းနိုင်နှင့် (၂)တရားပြိုင် ဦးမြင့်ဇော်ဦး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စမ်းစမ်းမော်က နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်ဖြင့် ရယူသွားသော ငွေကျပ်သိန်း (၁၃၀) (ငွေကျပ်သိန်းတစ်ရာ့သုံးဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ် စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ချိုဇင်သင်း)**

**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/7257 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဠ-၁၊ ဦးပိုင်အမှတ် (၆၁/ခဲစင်း)၊ ၇၂x၇၃ လမ်းကြား၊ ကျန်စစ်သားxဇော်ဂျီလမ်းကြားရှိ ဦးအောင်ရှိန် အမည်ပေါက် တောဂရန်မြေကွက်အား အဘိုး ဦးအောင်ရှိန်၊ အဘွား ဒေါ်အေးသန်းတို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၂၂၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော အတူနေတစ်ဦးတည်းသော မြေးဖြစ်သူ ဒေါ်ခင်ထားဝင်း ၈/မမန(နိုင်)၁၆၀၄၄၀ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၆၈၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်းသက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၅၊ ဦးပိုင်အမှတ် (၃၇-က)၊၅၅x၅၆လမ်းကြား၊ ၁၀၅x၁၀၆လမ်းကြားရှိ ဦးသိန်းဝင်းအမည်ပေါက် တောဂရန်မြေကွက်အား ခင်ပွန်း ဦးသိန်းဝင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၆၂၆/၂၀၂၄)ဖြင့်အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ပြောင်း ၉/မရတ(နိုင်)၀၃၄၄၁၂၏(GPရရှိသူ ဒေါ်မာမာ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၆၇၄/၂၀၂၄-၂၀၂၅) ဖြင့် တောမှမြို့ ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ-၆၊ ဦးပိုင်အမှတ် (၆၈)/၄၈X၄၉လမ်းကြား၊ ၁၁၂X၁၁၃ လမ်းကြားရှိ တောဂရန်မြေ ကွက်အမည်ပေါက်သူ ဦးကျော်ဆန်း ၉/မရတ(နိုင်)၀၀၇၈၄၄၏(SPရရှိသူ ဒေါ်လင်ဖိန်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၃၈၂/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် ၃၅၇၊ ဦးပိုင်အမှတ် (၁-စ/ခဲစင်း)၊ သင်္ဘောချောင်းနှင့် မစိုးရိမ်တိုက်သစ်ကြား၊ ဒေါ်စိုးငြိမ်းအမည်ပေါက် ဘိုးဘမြေကွက်အား မိခင်ဖြစ်သူ ဒေါ်စိုးငြိမ်း၊ ဖခင်ဖြစ်သူ ဦးစိန်ဝင်း(ခ)ဦးချမ်းကောင်(ခ)ဦးကုလားတို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၉၂၂/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သော သမီးများဖြစ်ကြသော ဒေါ်သဲရွှေစင်၊ ဒေါ်ချိုဇာဝင်း၊ ဒေါ်ခင်စန်းဝင်းတို့၏ (SP ရရှိသူ ဒေါ်ခင်မုံမုံထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၉၅၂/၂၀၂၂) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြူကြူအေး ၁/မကန(နိုင်)၀၉၆၉၀၁က အမှုတွဲအမှတ် (၀၄၅၃/ဘခွဲ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစက္ခုဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော်ဦးဆောင်၍ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာပင်) တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့်အတူ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၈၊ ဦးပိုင်အမှတ် ၂၈ခဲစင်း/၅၁x၅၂ကြား၊ ၁၁၃x၁၁၂လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချို ၉/မနတ(နိုင်)၀၁၄၅၃၅၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၁၆/၂၀၁၄)ဖြင့်လွှဲအပ်ခြင်းခံရသူ ဦးထွန်းထွန်းဝင်း ၉/မနမ (နိုင်) ၀၂၈၉၇၅ က ဂရန်အမှုတွဲအမှတ် ၃၉၇၉/၂၀၂၃-၂၀၂၄နှင့် ၃၉၈၀/၂၀၂၃-၂၀၂၄ တို့အား ပိတ်သိမ်းခွင့်ပြုပါရန်နှင့်တောဂရန်တင်ပြ၍ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

